UNHCR
The UN Refugee Agency

# THAILAND

1 - 15 June 2018

## MEDIA MONITORING REPORT # 184

## စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်မှု

### ရန်ကုန်ရှိ ဓာတ်အားပေးစက်ရုံခွဲ လေးခုကို အစိုးရမှ အဆင့်မြှင့်တင်မည်

Eleven Myanmar, 1 June 2018

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် ရန်ကုန်တိုင်းရှိ အလုံ၊ ရွာမ၊ လှော်ကားနှင့်သာကေတမြို့နယ်တို့တွင်ရှိသော ဓာတ်အားပေးစက်ရုံခွဲများကို ၃၃ လအတွင်း အဆင့်မြှင့်တင်ရန်အတွက် မစ်ဆူဘီရှီအကျိုးတူပူးပေါင်းဆောင်ရွက်ရေး ဂျပန်ကုမ္ပဏီနှင့် မေလ ( ၂၉) ရက်နေ့၌ သဘောတူလက်မှတ်ရေးထိုးခဲ့သည်ဟု ဝန်ကြီးဌာနက ဖော်ပြခဲ့သည်။



အဆိုပါ ဓာတ်အားပေးစက်ရုံခွဲသည် လက်ရှိတွင် ရန်ကုန်ဒေသများအတွက် လျှပ်စစ်ဓာတ်အားလိုအပ်ချက် ဖြည့်ဆည်းနေသော်လည်း ဝန်ကြီးဌာနသည် ဒေသတွင်း လိုအပ်မှုများကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဓာတ်အားပေးစက်ရုံခွဲသစ်များကို တည်ဆောက်နေခြင်းဖြစ်သည်။ ဝန်ကြီးဌာနသည် သက်တမ်းကြာလာသော ဓာတ်အားပေးစက်ရုံများနှင့် စက်ရုံခွဲများကို အဆင့်မြှင့်တင်ရန် အကောင်အထည်ဖော်ခြင်း၊ ဓာတ်ပေးစက်ရုံသစ်များတည်ဆောက်ခြင်း၊ ပြည်တွင်းဘတ်ဂျက်နှင့် ပြည်ပချေးငွေများကိုအသုံးပြု၍ ဓာတ်အားလိုင်းများနှင့် ဓာတ်အားစက်ရုံခွဲများတည်ဆောက်ခြင်း စသည်ဖြင့် လုပ်ဆောင်လျှက်ရှိကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဦးဝင်းခိုင်က ပြောကြားခဲ့သည်။

အလုံ၊ ရွာမ၊ လှော်ကားနှင့် သာကေတမြို့နယ်တို့တွင်ရှိသော ဓာတ်အားပေးစက်ရုံခွဲများ လည်ပတ်နေသည်မှာ နှစ်ပေါင်း ၂၅ နှစ်ကျော်ပြီဖြစ်သည်၊ စွမ်းရည်များနှင့် လုပ်ဆောင်ချက်များ လျော့နည်းလာနေပြီဖြစ်သောကြောင့် ဝန်ကြီးဌာနမှ ဂျပန်နိုင်ငံ တရားဝင်ဖွံ့ဖြိုးမှုအကူအညီပေးရေးလုပ်ငန်းနှင့်အတူ လုပ်ငန်းစဉ်များကို အဆင့်မြှင့်တင်ရန် အကောင်အထည်ဖော်ရန် ဦးဆောင်နေသည်။

ဓာတ်အားပေးစက်ရုံခွဲများ ပြန်လည်အဆင့်မြှင့်တင်ခြင်းလုပ်ငန်းစဉ်သည် (၃၃)လ ကြာမြင့်မည်ဖြစ်ပြီး ထရန်စဖော်မာအသစ် တပ်ဆင်ခြင်းနှင့် ပါဝါစနစ်အား AIS မှ GIS သို့ ပြန်လည်အဆင့်မြှင့်တင်ခြင်းပါဝင်သည်။

Link: http://www.elevenmyanmar.com/politics/14047

### ချောင်းကူးတံတားနှင့် မြစ်ကမ်းထိန်းကျောက်စီတမံကို ကရင်ပြည်နယ်ဝန်ကြီးချုပ် သွားရောက်စစ်ဆေး

The Global New Light of Myanmar, 3 June 2018

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်သည် ဘားအံမြို့နယ် ဖါကတာကျေးရွာရှိ ချောင်းကူးတံတားဖွင့်ပွဲသို့ ဇွန် ၂ရက် က တက်ရောက်ဖွင့်လှစ်ပေးခဲ့ပြီး တရုတ်လှကျေးရွာရှိ သံလွင်မြစ်ကမ်းထိန်းကျောက်စီတမံတည်ဆောက်ပြီးစီးမှုကိုလည်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

UNHCR
The UN Refugee Agency

ဖဲကတာကျေးရွာ ချောင်းကူးတံတားဖွင့်ပွဲသည် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သတ္တု၊ သစ်တောနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ မွန်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက တံတားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြပြီး တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုခဲ့ကြသည်။



ဖဲကတာချောင်းကူးတံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန၏ နည်းပညာအထောက်အပံ့ ကြီးကြပ်မှုဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အရှည်ပေ ၁၀၀၊ လူသွားလမ်း တစ်ပေခွဲစီပါ အကျယ် ၁၈ ပေ ရှိ သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်သည်။

Link: https://issuu.com/myanmarnewspaper/docs/3_june_18_gnlm

## အသေးစား၊အလတ်စား စီးပွားရေးလုပ်ငန်းများ ပြည်ပအကူအညီ အထောက်အပံ့ရရှိရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဦးဆောင်ပြီး ကြိုးပမ်းဆောင်ရွက်နေ

The Global New Light of Myanmar, 3 June 2018

အသေးစား၊အလတ်စားစီးပွားရေးလုပ်ငန်းများ(SME) ပြည်ပအကူအညီအထောက်အပံ့ရရှိရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်ပြီး ကြိုးပမ်းဆောင်ရွက်လျှက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ပြောကြားခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေဖြင့် မြို့နယ် ၄၅ မြို့နယ်မှ စီးပွားရေးလုပ်ငန်းရှင် ၃၁၃၉၁ ဦးအား S ME ဆိုင်ရာပံ့ပိုးမှုများ ရရှိနိုင်ရေးအတွက် မြို့နယ်အလိုက်သက်သေခံ ကတ်ပြားများ ထုတ်ပေးနိုင်ခဲ့ကြောင်း၊ S ME အစုအဖွဲ့ ၂၈ ဖွဲ့အား ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းအလိုက် လုပ်ငန်းတူအချင်းချင်း ကုန်ကြမ်းဖယ်လှယ်ခြင်းများ၊ ကုန်ကြမ်းဝယ်ယူမှုအတွက် ဈေးကွက်ဝေစုရယူခြင်းများ၊ ကုန်ချောထုတ်လုပ်ရာတွင် နည်းပညာ ဖယ်လှယ်ခြင်းနှင့်ဖြန့်ဝေခြင်းတို့အား ချိတ်ဆက်ဆောင်ရွက်စေခဲ့ပါကြောင်း၊ သင်တန်းများပို့ချပေးနိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။

ဘဏ်များနှင့်ချိတ်ဆက်၍ အတိုးနှုန်းသက်သာစွာ ချေးငွေရရှိရေး ဆောင်ရွက်ပေးလျှက်ရှိကြောင်းနှင့် ချေးငွေကို အတိုးနှုန်းသက်သာစွာ ရရှိရေးအတွက် ပြည်တွင်းပြည်ပ အထူးသဖြင့်ပြည်ပအကူအညီ အထောက်အပံ့ရရှိရေးကိုလည်း တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြိုးပမ်းနေကြောင်း သိရသည်။

Link: https://issuu.com/myanmarnewspaper/docs/3_june_18_gnlm

## မန္တလေးဆိပ်ကမ်းစီမံကိန်း ယခုနှစ်ကုန် စတင်မည်

Myanmar Times, 4 June 2018

မန္တလေးတိုင်းတွင် ရေလမ်းကုန်သွယ်မှု တိုးတက်စေရန် ရည်ရွယ်၍ ဖော်ဆောင်မည့် မန္တလေးဆိပ်ကမ်း ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကို ယခုနှစ်ကုန်တွင် တည်ဆောက်ရေးလုပ်ငန်းများ စတင်မည်ဟု တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတိုးအောင်လင်း ပြောသည်။

ဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကို ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ ( ဂျိုက်ကာ) ဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကာ အမေရိကန်ဒေါ်လာ ၃၈ သန်း ကုန်ကျမည်ဖြစ်ကြောင်း၎င်းက မေ ၃၁ ရက်တွင် ပြောသည်။

" ပြည်ထောင်စုအဆင့်လုပ်တဲ့ စီမံကိန်းဖြစ်ပါတယ်။ မြေယာလျော်ကြေးပေးဖို့ ကိစ္စလေးတွေ လုပ်နေတယ်။ မြန်မာနိုင်ငံအစိုးရနဲ့ ဂျိုက်ကာနဲ့ လက်မှတ်ထိုးဖို့လုပ်နေတယ်။ ဒီနှစ်ကုန်လောက် လုပ်ငန်းစတင်နိုင်ဖို့ သူတို့( ဂျိုက်ကာ) က လျာထားတာပေါ့။ ဒီဇင်ဘာလလောက်ကို လျာထားတယ်။ ပြည်ထောင်စုအစိုးရက စီမံကိန်းမြေနေရာအဖြစ် သတ်မှတ်ထားပြီးသားပေါ့။ စီမံကိန်းနေရာမှာ ပိုင်ရှင်ရှိတယ်ဆိုရင်တော့ သတ်မှတ်တဲ့ လျော်ကြေးကိုတော့ ပေးရမယ်"ဟု ဦးတိုးအောင်လင်းက ပြောသည်။

စီမံကိန်းကို ဧရာဝတီမြစ်ကမ်းတစ်လျှောက်ရှိ ခရီးသည်များနှင့် ကုန်ပစ္စည်းများကို နိုင်ငံအနှံ့အပြား သယ်ယူပို့ဆောင်နိုင်ရန် ရည်ရွယ် ဆောင်ရွက်ခြင်းဖြစ်ကာ မန္တလေးမြို့၏အနောက်ဘက် တစ်ကီလိုမီတာအကွာ၊ မြို့ပတ်လမ်းနှင့် ရွှေလုံပိုလ်ဘုန်းကြီးကျောင်း အနောက်ဘက်ရှိ မြေဧက ၂၀ ပေါ်တွင် တည်ဆောက်မည်ဖြစ်သည်။

စီမံကိန်းအတွင်းရှိ မြေယာများကိုသာ သတ်မှတ်လျော်ကြေး ပေးချေမည်ဖြစ်ကာ ကျူးကျော်နေထိုင်သူများကို ဥပဒေများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးတိုးအောင်လင်းက ပြောသည်။

" မြေယာကတော့ အမိကပေါ့။ သူတို့( ဂျိုက်ကာ) ကလည်း စီမံကိန်း ဆောင်ရွက်မယ်ဆိုကတည်းက စာရင်းကောက်ပြီးသား။ အဲဒီနောက်ပိုင်း ကျူးကျော်လာတဲ့ တဲအိမ်တွေ နောက်စီမံကိန်းရှိမှန်းသိရက်နဲ့ လာကျူးကျော်ထားတဲ့ တဲအိမ်တွေကိုတော့ ကျွန်တော်တို့ ဥပဒေအတိုင်း ဆက်လက်ဆောင်ရွက်ရမှာပေါ့" ဟု ၄င်းက ပြောသည်။

သက်ဆိုင်ရာဌာနများ၏ လေ့လာချက်အရ မြေယာပိုင်ဆိုင်သူ ၇၀ ဦးရှိပြီး ထိုသူများအတွက် မြေယာလျော်ကြေးကို အစိုးရထံက တောင်းခံပြီး တိုင်းအစိုးရနှင့် ပူးပေါင်းပေးချေမည်ဟု ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မျိုးခိုင်က ၂၀၁၇ ခုနှစ်အတွင်းက စီမံကိန်းနှင့် ပက်သက်သည့် လူထုတွေ့ဆုံပွဲတွင် ပြောကြား ခဲ့သည်။

စီမံကိန်းတွင် ဆိပ်ကမ်းသစ်တည်ဆောက်ပြီး ယင်းဆိပ်ကမ်း၌ ကုန်သေတ္တာများနှင့် သိုလှောင်ရုံများ၊ ကုန်ပစ္စည်းထားသိုရန် မြေနေရာများ၊ ဆိပ်ခံတံတားများ၊ ချဉ်းကပ်တံတားများ၊ ကုန်ပစ္စည်းများတင်ဆောင်ရန် စက်များ တပ်ဆင်မည်ဟုသိရသည်။

မန္တလေးမြို့သည် ပို့ဆောင်ဆက်သွယ်ရေး အချက်အချာကျသောမြို့ဖြစ်ပြီး ထိုမြို့မှတစ်ဆင့် အခြားမြို့များသို့ ရေလမ်းကြောင်းဖြင့် ကုန်သွယ်မှုများ ပြုလုပ်လျက်ရှိသော်လည်း ဆိပ်ကမ်းများ ဖွံ့ဖြိုးတိုးတက်မှု မရှိသေးပေ။

Link: https://www.mmtimes.com/news/mandalay-port-development-project-begin-end-year.html

**<u>မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများရှိ သက်ကြီးရွယ်အိုများအတွက် ပုံမှန်ဝင်ငွေ ခိုင်မြဲစေမည့် အစီအစဉ်</u>**

The Global New Light of Myanmar, 4 June 2018

သက်ကြီးရွယ်အိုများအတွက် တကမ္ဘာလုံးဆိုင်ရာချိတ်ဆက်အဖွဲ့ဖြစ်သည့် HelpAge International အဖွဲ့သည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများ၌ လူမှုကာကွယ်စောင့်ရှောက်မှုအစီအစဉ်တစ်ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျှက်ရှိသည်။ သက်ကြီးရွယ်အိုပိုင်း ဆင်းရဲမွဲတေမှု လျော့ချသည့် အားထုတ်မှုတစ်ရပ်အနေဖြင့် လူမှုကာကွယ်စောင့်ရှောက်မှုအစီအစဉ်သည် စီမံကိန်းဒေသများတွင် သက်ကြီးရွယ်အိုများအတွက် ဝင်ငွေရရှိမှု ခိုင်မြဲစေရန်ဆောင်ရွက်ပေးခြင်း၊ ရေရှည်အကျိုးရှိစေရန် ပံ့ပိုးပေးခြင်းနှင့် သက်ကြီးအမျိုးသား၊ အမျိုးသမီးနှစ်ရပ်လုံး ကောင်းစွာနေထိုင်နိုင်ရေး တိုးမြှင့်ပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးရန် ရည်ရွယ်သည်။

အဖွဲ့အစည်းသည် သက်ကြီးရွယ်အိုများအတွက် ပုံမှန်ဝင်ငွေ တည်မြဲစေရန် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများ၌ မိမိကိုယ်တိုင် ရပ်တည်နိုင်စွမ်းနည်းပါးသည့် အိမ်ထောင်စုများဆီသို့ လူမှုကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန်အတွက် ၃ နှစ်စီမံကိန်းကို စတင်ဆောင်ရွက်နေပြီဖြစ်သည်။

စီမံကိန်း၌ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများကဲ့သို့သော  ကိုယ်တိုင်ရပ်တည်နိုင်စွမ်းနည်းပါးသည့်သူများကို အကာအကွယ်ပေးရန်နှင့် ရပ်တည်နိုင်စွမ်းနည်းပါးသည့်အိမ်ထောင်စုများအတွက် ငွေကြေးအကျိုးအမြတ်ကို ပေးဝေရန်ဖြစ်သည်။

Link: https://issuu.com/myanmarnewspaper/docs/4_june_18_gnlm

**<u>အစိုးရမှ လုပ်ဆောင်ရမည့်   ပိုမိုကောင်းမွန်သော လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ စီမံခန့်ခွဲမှု</u>**

Myanmar Times, 4 June 2018

မြန်မာနိုင်ငံ၌ ရန်ကုန်မြို့၏အခြေအနေသည်  စီးပွားရေးနှင့် သယ်ယူပို့ဆောင်ရေး အချက်အချာကျသောကြောင့် အစိုးရအနေဖြင့် လူများနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဝင်လာစေရန် မျှော်လင့်လျှက်ရှိပြီး ခေတ်မီသောမြို့တော်ဖြစ်ဖို့ တိုးချဲ့ရန် စီစဉ်နေသည်။




ထုတ်ပြန်ကြေငြာခဲ့သည့်စီမံကိန်းများသည် ကွပ်ကဲမှုညံ့ဖျင်းခြင်းများကြောင့် ဝေဖန်ခံနေရသည်။ ၂၀၁၇- ၁၈ ခုနှစ်တွင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုဘတ်ဂျက်ငွေကျပ် ၂၇၈ ဘီလီယံကို ခွဲဝေသုံးစွဲခဲ့သော်လည်း လျှပ်စစ်မီးပြတ်တောက်ခြင်း၊ အိမ်ခြံမြေဈေး မြင့်မားနေခြင်း၊ ယာဉ်ကြောပိတ်ခြင်းနှင့် အခြေခံသယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အအုံရှားပါးနေခြင်းများ ဆက်လက်ရှိနေဆဲဖြစ်သည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် စီမံကိန်းအသစ်များကို မစတင်မီ လက်ရှိပြဿနာများကို ပြုပြင်ရန် အာရုံစိုက်သင့်သည်။

ရန်ကုန်တိုင်းဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းသည် ရင်းနှီးမြှုပ်နှံသူများ၏ လိုအပ်မှုများနှင့် ကိုက်ညီမှုရှိစေရန်အတွက် ပြည်သူများအား အလုပ်အကိုင်များ ဖန်တီးပေးရန် စီမံကိန်းသစ်များကို စတင်ဆောင်ရွက်နေသည်။

အခြားသော ပြည်နယ်နှင့်တိုင်းများမှ နေထိုင်သူများသည် မြို့တော်သို့ အလုပ်အကိုင်ရှာဖွေရန် ရောက်ရှိလာကြသည်။ ၂၀၁၇- ၁၈ ခုနှစ်၌ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ်များမှ အလုပ်အကိုင် ၈၀၀၀ ကျော်ဖန်တီးပေးနိုင်ခဲ့သည်၊ အထည်ချုပ်များတွင် လုပ်ကိုင်သူအများဆုံးဖြစ်သည်။

Link: [https://www.mmtimes.com/news/government-must-do-better-job-managing-impact-growth-yangon.html](https://www.mmtimes.com/news/government-must-do-better-job-managing-impact-growth-yangon.html)

## ရန်ကုန်တိုင်း ၁၁ မြို့နယ်၌ နိုင်ငံတကာအဆင့်မီစက်မှုဇုန်များ ဖော်ဆောင်မည်

The Irrawaddy, 5 June 2018

ရန်ကုန်တိုင်းရှိ မြို့နယ် ၁၁ မြို့နယ်တွင် နိုင်ငံတကာအဆင့်မီ စက်မှုဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်မည့်အစီရင်ခံစာ ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက ဇွန် ၅ ရက်တွင် ပြုလုပ်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေး၌ တင်သွင်းခဲ့သည်။ ကွမ်းခြံကုန်း၊ ကော့မှူး၊ တွံတေး၊ သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွ၊ တိုက်ကြီး၊ မှော်ဘီ၊ လှည်းကူးနှင့် ထန်းတပင်မြို့နယ်တို့၌ နိုင်ငံတကာအဆင့်မီစက်မှုဇုန်များ ဖော်ဆောင်မည်ဖြစ်ကြောင်း၊ စက်မှုဇုန်မြေနေရာများ လျာထား ရွေးချယ်မှုအပေါ် တိုင်းဒေသကြီး လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှု မရှိစေရေး ပြန်လည်စိစစ်ရေးကော်မတီ၏ ထပ်မံစိစစ်ထောက်ခံချက်ဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ တင်ပြခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ အတည်ပြုချက်လည်း ရရှိခဲ့ပြီးဖြစ်ကြောင်း ၎င်းက ပြောဆိုသည်။"



"ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်မှာရှိတဲ့ မြို့နယ် ၁၁ မြို့နယ်မှာ နိုင်ငံတကာအဆင့်မီ စက်မှုဇုန်များ ထူထောင်ခြင်း၊ ဒေသဖွံ့ဖြိုးရေးနဲ့ ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိရေးကို ဖော်ဆောင်ပေးနိုင်ပြီဖြစ်တဲ့အပြင် ရန်ကုန်မြို့တော်ရဲ့လူဦးရေ သိပ်သည်းကျပ်တည်းမှု၊ ယာဉ်ကြောပိတ်ဆို့မှုများကိုလည်း အထိုက်အလျောက် လျော့နည်းသွားစေရန် ရည်ရွယ်တာပါ။ နောက် မြို့နယ်တစ်ခုချင်းစီမှာလည်း စက်မှုဇုန်တွေ တည်ထောင်ခြင်းဖြင့် ရရှိလာမယ့် ဝင်ငွေကို မြို့နယ်တစ်ခုချင်းစီရဲ့ မြို့ပြနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းတွေအတွက် ပြန်လည်သုံးစွဲရန်ဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက် ပြောဆိုသည်။

ရွေးချယ်ထားသည့် စက်မှုဇုန်မြေနေရာများကို ပထမအဆင့် မြို့ပြစီမံကိန်းအဖြစ် သတ်မှတ်ပြီး မြေပိုင်ရှင်တောင်သူများကို ရာခိုင်နှုန်း ၂၀၊ နိုင်ငံတော်မှ ရာခိုင်နှုန်း ၈၀ အချိုးဖြင့် ခွဲဝေမည်ဖြစ်ကြောင်း၊ ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် အတည်ပြုချက်

ရရှိပြီးပါက ပြည်ထောင်စုအစိုးရ အဖွဲ့ထံ ဆက်လက်တင်ပြပြီး အတည်ပြုချက် ရယူကာ ပွင့်လင်းမြင်သာစွာ တင်ဒါ ခေါ်ယူမည်ဖြစ်ကြောင်း ၎င်းက ပြောဆိုသည်။

Link: https://www.irrawaddy.com/news/burma/yangon-govt-submits-plans-new-port-industrial-zones.html

## မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ရုပ်ရှင်အတတ်ပညာဖြင့် နိုင်ငံပုံရိပ်တိုးတက်ရေး အထောက်အကူဖြစ်စေရန် ညှိနှိုင်းအစည်းအဝေး ကျင်းပ

The Global New Light of Myanmar, 5 June 2018

နေပြည်တော်တွင် ရုပ်ရှင်ရိုက်ကူးရေး စတူဒီယို အဆောက်အအုံနှင့် သင်တန်းကျောင်းများ ပါဝင်သည့် ရုပ်ရှင်ဥယျာဉ်ခြံတစ်ခု ပေါ်ပေါက်လာစေရန်နှင့် ရုပ်ရှင်ကို အခြေခံသော Entertainment City ပုံစံ တစိတ်တပိုင်း ဖြစ်ပေါ်လာစေရန်အတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်စေရန်၊ ရုပ်ရှင်အတတ်ပညာဖြင့် နိုင်ငံပုံရိပ် တိုးတက်ရေး အထောက်အကူဖြစ်စေရန်နှင့် နေပြည်တော် စည်ပင်ဖွံ့ဖြိုး တိုးတက်စေရန် ရည်ရွယ်ချက်များဖြင့် နေပြည်တော်၌ ခေတ်မီရုပ်ရှင်ဥယျာဉ်ခြံတစ်ခု ပေါ်ပေါက်လာစေရန် စီမံဆောင်ရွက်လျက် ရှိပါကြောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာများကို ရုပ်ရှင်အတတ်ပညာဖြင့်၊ ပိုမို စိတ်ဝင်စားအောင် ရိုက်ကူးတင်ဆက်မှုဖြင့် မြန်မာ့အကြောင်း မြန်မာတို့ ပိုမိုသိရှိပြီး နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို လေးစားတန်ဖိုး ထားလိုစိတ်များ ဖြစ်ပေါ်စေလိုပါကြောင်း။

ယင်းရုပ်ရှင်ဇာတ်ကားများတွင် အင်္ဂလိပ်ဘာသာဖြင့် စာတမ်းထိုး တင်ဆက်ခြင်းဖြင့် မြန်မာ့အကြောင်း ကမ္ဘာက သိရှိစေရန်နှင့် တဆက်တည်း မြန်မာ့ရုပ်ရှင်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံ၏ပုံရိပ်လည်း တိုးတက်လာမည်ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အစိုးရအနေဖြင့် မည်သည့် အခန်းကဏ္ဍမှ မည်ကဲ့သို့ ပါဝင် ဆောင်ရွက်သင့်သည်ကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြရန် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ရုပ်ရှင်ဆိုသည်မှာ မီဒီယာပလက်ဖောင်းတစ်ခုဖြစ်ပါကြောင်း၊ ယဉ်ကျေးမှုမြှင့်တင်ရေး၊ ဖျော်ဖြေရေးနှင့် အနုပညာရှင်များ၏ စားဝတ်နေရေးအတွက် များစွာ အထောက်အကူပြုပါကြောင်း၊ ယင်းလုပ်ငန်းစဉ်ကို ပွင့်လင်းမြင်သာစွာဖြင့် ဆောင်ရွက်ရန် ဖြစ်ပါကြောင်းပြောကြားသည်။

Link: https://issuu.com/myanmarnewspaper/docs/5_june_18_gnlm

## နိုင်ငံတော်ပင်မလိုင်းမှ လျှပ်စစ်မီးကို တနင်္သာရီမှ သွယ်တန်းမည်

Eleven Myanmar, 6 June 2018



နိုင်ငံတော်လျှပ်စစ်ပင်မလိုင်းမှ တနင်္သာရီတိုင်းဒေသသို့ ၂ နှစ်အတွင်း လျှပ်စစ်မီး သွယ်တန်းပေးမည်ဖြစ်ပြီး လျှပ်စစ်မီး တစ်ယူနစ်လျှင် ၃၅ကျပ်မှ ၅၀အတွင်း ကျမည်ဖြစ်ကြောင်း ဒေသဆိုင်ရာဝန်ကြီး ဒေါ်လဲ့လဲ့မော်က ဇွန်လ ၄ ရက်နေ့တွင် ပြောကြားခဲ့သည်။

လက်ရှိတွင် ဒေသတွင်းပြည်သူများသည် လျှပ်စစ် တစ်ယူနစ်လျှင် ကျပ် ၄၀၀ ကျော်ပေးဆောင်နေရပြီး လောင်စာဆီ

ဈေးတက်မှုကြောင့် မီတာခများ ပိုမို တက်ဖွယ်ရာရှိသည်။

ဒေသတွင်း နေထိုင်သူများမှ မီတာခမြင့်မားနေမှုကို မေးခွန်းထုတ်ခဲ့ကြပြီး ဒေသကြီးအစိုးရမှ မီတာခ လျှော့ကျနိုင်ရန် ကြိုးပမ်းနေကြောင်း ပြောကြားခဲ့သည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် မော်လမြိုင်တွင် လျှပ်စစ်စက်ရုံခွဲတစ်ခုကို တည်ဆောက်နေပြီး ၂နှစ်ကြာမည်ဖြစ်သည်။

Link: [http://www.elevenmyanmar.com/politics/14074](http://www.elevenmyanmar.com/politics/14074)

## ကရင်ပြည်နယ်တွင် ပထမဆုံး ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်း စတင်တော့မည်

Burma News International, 6 June 2018

လက်ရှိအစိုးရ၏ သက်တမ်း ၂ နှစ်ကျော်ကာလအတွင်း ကရင်ပြည်နယ်သို့ ပထမဆုံး ဝင်ရောက်လာသည့် ပြည်ပရင်းနှီးမြှုပ်နှံမှုဖြစ်သည့် အိန္ဒိယနိုင်ငံအခြေစိုက် Precision Auto Engineering ကုမ္ပဏီမှာ မြဝတီနယ်စပ်ကုန်သွယ်ရေးစက်မှုဇုန်တွင် အသေးစားမော်တော်ယာဉ် ထုတ်လုပ်ရေးစက်ရုံကို ယခုနှစ်အတွင်း စတင်တည်ဆောက်တော့မည်ဖြစ်ကြောင်း သိရသည်။



သို့ဖြစ်၍ လာမည့် ၂၀၁၉ မေလတွင် ပြည်နယ်တွင်းရှိ အလုပ်သမားဦးရေ ၂၀၀ကျော်အား အလုပ်အကိုင် အခွင့်အလမ်း ပေးနိုင်မည်ဖြစ်ကြောင်း ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်ဝင်းတိုးက ပြောသည်။

ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မရှင်က မေလ ၁၇ ရက်တွင် စတင်ခွင့်ပြုခဲ့ပြီး ယင်းကုမ္ပဏီမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ သန်းရင်းနှီးမြှုပ်နှံမည်ဖြစ်သည်။

ယခုနှစ်မှာ စက်ရုံတည်ဆောက်ရေးကာလဖြစ်ကာ လာမည့် ၂၀၁၉ တွင် စက်ရုံတည်ဆောက်ပြီးစီးမည်ဖြစ်ကြောင်း၊ အခွန်ကင်းလွတ်ခွင့် ၇ နှစ်တာ ရရှိမည် ဖြစ်ကြောင်း၊ ယင်းကုမ္ပဏီမှ တစ်နှစ်အတွင်း ဆိုင်ကယ်အစီး ၇၀၀၀ ကျော်၊ သုံးဘီးယာဉ် အစီး ၆၀၀နှင့် ECO မော်တော်ကား အသေး ၁၂၀၀ ထုတ်လုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

Precision Auto Engineering ကုမ္ပဏီထုတ် Bajaj တံဆိပ်ဖြင့် ဆိုင်ကယ်တစ်စီး ရောင်းဈေး၂၅သိန်း၊ သုံးဘီးယာဉ် တစ်စီး ၃၃သိန်း ၊ အသေးစားမော်တော်ယာဉ် ECO တစ်စီး သိန်း ၄၀တို့ဖြင့် ဆိုင်ဈေးကွက်သို့ တင်ပို့ရောင်းချသွားမည်ဖြစ်သည်။

ကရင်ပြည်နယ်တွင် ဝင်ရောက်လုပ်ကိုင်ရန် ခွင့်ပြုထားသည့် ပြည်ပရင်းနှီးမြှုပ်နှံမှုမှာ ၁၉၉၀ လွန်ကာလမှ ယခုနှစ် မတ်လကုန် ကာလထိ လုပ်ငန်း သုံးခု ရှိနေသည်။

Link: [https://www.bnionline.net/en/news/first-foreign-investment-start-karen-state](https://www.bnionline.net/en/news/first-foreign-investment-start-karen-state)

## ရာသီဉတုဆိုင်ရာ ကောက်ပဲသီးနှံအာမခံစနစ်အတွက် ဒေသ (၅)ခုတွင် ပူးတွဲကွင်းဆင်း စစ်တမ်းကောက်မည်



The Global New Light of Myanmar, 6 June 2018

မြန်မာ့အာမခံလုပ်ငန်းသည် ရာသီဉတုဆိုင်ရာကောက်ပဲသီးနှံအာမခံစနစ် အကောင်အထည်ဖော်ရန်အတွက် ရှေးပြေးစီမံကိန်းများအနေဖြင့် ဧရာဝတီတိုင်းရှိ မင်းဘူးမြို့နယ်နှင့် စစ်ကိုင်းတိုင်းရှိ ရွှေဘိုမြို့နယ်၊ ပဲခူးတိုင်းရှိ ပြည်မြို့နယ်၊ မန္တလေးတိုင်းရှိ မြင်းခြံမြို့နယ်နှင့် မကွေးတိုင်းရှိ ပခုက္ကူမြို့နယ်တို့တွင် ပူးတွဲကွင်းဆင်း စစ်တမ်းကောက်ယူရန် ပြင်ဆင်နေပြီဖြစ်သည်။

ပူးတွဲစစ်တမ်းကောက်ယူနိုင်ရန်အတွက် မြန်မာ့အာမခံလုပ်ငန်းသည် စိုက်ပျိုးရေးရေရှည်တည်တံ့ခိုင်မြဲစေသည့် စိုက်ပျိုးရေးဆိုင်ရာ အာမခံ ဖြေရှင်းနည်းများအတွက် ဆွတ်ဇလန်အခြေစိုက် Syngenta ဖောင်ဒေးရှင်းကဲ့သို့ ပြည်ပအဖွဲ့အစည်းများထံမှ နည်းပညာအကူအညီများ ရရှိရန် ညှိနှိုင်းနေပြီဖြစ်သည်။

ပူးတွဲကွင်းဆင်းစစ်တမ်းကောက်ယူရာ၌ ဒေသတစ်ခုစီ၏ ရာသီဥတုအခြေအနေ၊ သီးနှံအမျိုးအစားများ၊ အန္တရာယ်များနှင့်ဆက်စပ်နေသည့် ယခင်ရာသီဥတုအခြေအနေနှင့် ကောက်ပဲသီးနှံအာမခံကို စိတ်ဝင်စားသည့် လယ်သမားရေအတွက် စသည်တို့ ပါဝင်သည်။

Link: https://issuu.com/myanmarnewspaper/docs/6_june_18_gnlm

## ဗဟိုအစိုးရ မီးစိမ်းပြလျှင် ကျောက်မီးသွေး စီမံကိန်း စမည် — ကရင်ဝန်ကြီးချုပ်

Myanmar Now, 6 June 2018

(ဘားအံ) — ကရင်ပြည်နယ်၊ ဘားအံမြို့ ကျောက်မီးသွေးလောင်စာသုံး ဓာတ်အားပေးစက်ရုံ စီမံကိန်း စတင်ရန် ပြည်ထောင်စုအစိုးရထံမှ ခွင့်ပြုချက် စောင့်ဆိုင်းနေဆဲဖြစ်ကြောင်း ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က မေ ၂၉ ရက်နေ့တွင် ပြောသည်။




"ပြည်ထောင်စုကနေ လောလောဆယ်မှာတော့ ဆွေးနွေးနေဆဲလို့ပဲ ကျွန်မတို့ သိရတယ်။ တကယ်လို့များ ပြည်ထောင်စုက မီးစိမ်းပြလိုက်တာနဲ့ ချက်ချင်းလုပ်နိုင်အောင်ဆိုပြီးတော့ စီစဉ်နေတာတွေတော့ရှိတယ်" ဟု ဝန်ကြီးချုပ်က ပြည်နယ်အစိုးရအဖွဲ့ရုံး သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

ကျောက်မီးသွေးစွမ်းအင်သုံးပြီး မီဂါဝပ် ၁,၂၈၀ ထုတ်လုပ်မည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးနှင့် ပတ်သက်ပြီး နေပြည်တော်က တရားဝင် ပြောဆိုခြင်း မရှိသေးပေ။

အကြီးစားလျှပ်စစ်ဓာတ်အား စီမံခန့်ခွဲခွင့်ကို ပြည်ထောင်စုအစိုးရကသာ လုပ်ကိုင်ခွင့်ရှိပြီး ပြည်နယ်/တိုင်းဒေသကြီး အစိုးရတို့က မဂ္ဂါဝပ် ၃၀ ထက် မပိုသည့် စီမံကိန်းမျိုးကိုသာ လုပ်ကိုင်ခွင့်ရှိသည်။

၈၁၅ ဧက ကျယ်ဝန်းသည့် စီမံကိန်းနယ်မြေအတွင်းရှိ လယ်ယာမြေပိုင်ရှင်အများအပြားကို နစ်နာကြေး၊ သီးနှံလျော်ကြေး ပေးအပ်ခဲ့ပြီးဖြစ်သည်ဟု ကရင်ပြည်နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ အတွင်းရေးမှူး ဦးမင်းမင်းက ပြောသည်။

၂၀၁၇ ခုနှစ်အတွင်း လယ်မြေ ၂၂၆ ဧကအတွက် ပြည်နယ်အစိုးရက ပေးလျော်ခဲ့သည့် ငွေပမာဏမှာ ကျပ်သိန်းပေါင်း ကိုးထောင်ကျော်ရှိသည်ဟု ဆိုသည်။

Link: http://www.myanmar-now.org/news/i/?id=48610128-3061-4019-b2c2-d0e2404b860e

## ဒဂုံမြို့သစ်အရှေ့ပိုင်း မြို့နယ်ရွာသာကြီး၌ တည်ဆောက်နေသည့် ကုန်းတွင်းဆိပ်ကမ်းနစ်ခု တည်ဆောက်မှု ယခုနှစ် အောက်တိုဘာလတွင် ပြီးစီးမည်

Eleven Myanmar, 7 June 2018

ဒဂုံအရှေ့ပိုင်းမြို့နယ် ရွာသာကြီးရှိ မြန်မာ့မီးရထားပိုင်မြေပေါ်တွင် တည်ဆောက်နေသည့် ကုန်းတွင်းဆိပ်ကမ်းနစ်ခုတည်ဆောက်မှုသည် ယခုနှစ်အောက်တိုဘာတွင် ပြီးစီးမည်ဖြစ်ကြောင်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

အဆိုပါ ကုန်းတွင်းဆိပ်ကမ်းနစ်ခုသည် မြန်မာ့မီးရထားပိုင်မြေပေါ် တွင် B O T စနစ်ဖြင့် KM Terminal & Logistics Limited နှင့် Resource Group Logistics Co; Ltd ကုမ္ပဏီနှစ်ခုတို့က တည်ဆောက်နေခြင်းဖြစ်သည်။



ယင်းကုန်းတွင်းဆိပ်ကမ်းနှစ်ခုသည် ဧက ၄၀ စီရှိပြီး ပြီးခဲ့သည့် အောက်တိုဘာလက စတင်တည်ဆောက်ခဲ့ကာ ယခုနှစ်အောက်တိုဘာလတွင် တည်ဆောက်မှုပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

"လက်ရှိမှာတော့ တည်ဆောက်မှုနှစ်ခုစလုံး ၅၀ ရာခိုင်နှုန်းပြီးစီးနေပါပြီ။ ဆိပ်ကမ်းတည်ဆောက်မှုအားလုံး ပြီးစီးသွားရင်တော့ တစ်ရက်ကို ကွန်တိန်နာအလုံး ၃၀၀၀ ခန့် ကိုင်တွယ်နိုင်မှာပါ" ဟု မြန်မာ့မီးရထားမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကုန်းတွင်း ဆိပ်ကမ်းနှစ်ခု တည်ဆောက်မှုအားလုံး ပြီးစီးပါက သီလဝါ- ရွာသာကြီး- မြစ်ငယ်တို့အကြား ကုန်သေတ္တာရထားတွဲများ ပြေးဆွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

Link: http://www.elevenmyanmar.com/local/14079

**<u>မြန်မာနိုင်ငံ၏ အာမခံလုပ်ငန်းကဏ္ဍကို ဂျပန်မှ ကူညီမည်</u>**

Nikkei Asian Review, 8 June 2018

တိုကျို - မြန်မာနိုင်ငံသည် ဂျပန်နိုင်ငံ၏အကူအညီလမ်းညွှန်မှုနှင့်အတူ အာမခံလုပ်ငန်းစတင်တော့မည်ဖြစ်ပြီး ဈေးကွက်အကျိုးအကျိုးအမြတ်ဖွံ့ဖြိုးစေရန် မျှော်လင့်သည်။



ကြာသာပတေးနေ့၌ မြန်မာ့စီမံကိန်းနှင့်ဘဏ္ဍာရေးဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းသည် ဂျပန်နိုင်ငံ ပြည်နယ်ဝန်ကြီးလာရောက်လည်ပတ်စဉ်အတွင်း အာမခံလုပ်ငန်း စည်းမျဉ်းစည်းကမ်းများနှင့် အလေ့အကျင့်များနှင့်ပတ်သတ်၍ အကြံဉာဏ်များအပါအဝင် ပံ့ပိုးပေးမည့်အစီအစဉ်တစ်ခုကို လက်ခံခဲ့သည်။

အစီအစဉ်တွင် အာမခံကုမ္ပဏီများအတွက် လုံလောက်သော ရန်ပုံငွေများရရှိရန်နှင့် စည်းမျဉ်းများရေးဆွဲခြင်းနှင့်ပတ်သက်သော အကြံဉာဏ်များပါဝင်သည်။

Link: https://asia.nikkei.com/Economy/Myanmar-s-insurance-sector-set-for-help-from-Japan

**<u>ဗြိတိန်မှ မြန်မာအားဆက်လက် ကူညီမည်</u>**

Myanmar Times, 8 June 2018



ဗြိတိန်နိုင်ငံသည် မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေး၊ စည်းရုံးရေး၊ သာယာဝပြောရေးနှင့် အနာဂတ်၌ ဒီမိုကရေစီနစ်ဖြစ်လာစေရန် အကူအညီပေးနေသည်မှာ နှစ်ပေါင်းနှစ်ဆယ်ရှိပြီဖြစ်သည်။

မြန်မာတိုင်းမ်မှ ဗြိတိန်သံအမတ် Andrew Patrick အား တွေ့ဆုံမေးမြန်းရာ၌ ၎င်းမှ မြန်မာနိုင်ငံ၏လက်ရှိရင်ဆိုင်နေရသော ရခိုင်အရေးအကြောင်းကို ပြောကြားခဲ့ပြီး ယူကေ၏အကူအညီပေးမှုများ၊ စီးပွားဆိုင်ရာပြုပြင်ပြောင်းလဲမှုများနှင့် ယူကေမှ မြန်မာနိုင်ငံဖွံ့ဖြိုးမှုများကို မည်သို့ဆက်လက်ကူညီပေးမည်ဆိုသည့်အကြောင်းများအား ပြောကြားခဲ့သည်။

ယူကေသည် မြန်မာနိုင်ငံတွင် အကူအညီပေးရေးအစီအစဉ်များကို ပံ့ပိုးပေးခဲ့ပြီး ဘဏ္ဍာရေးအပါအဝင် အမျိုးသမီးစွမ်းရည်နှင့် မသန်စွမ်းသူများအား ပံ့ပိုးပေးခြင်းစသည်တို့ကို ဦးတည်ထားပံ့ပိုးပေးမည်ဖြစ်သည်။

Link: https://www.mmtimes.com/news/britain-continues-support-democratic-and-unified-future-myanmar-outgoing-envoy-says.html

**ကယားပြည်နယ်ရှိ ခရီးသွားလုပ်ငန်းအပေါ် အာဏာပိုင်များ မျှော်လင့်ချက်ထားရှိ**

Myanmar Times, 8 June 2018

ကယားပြည်နယ်၏ ခရီးသွားလုပ်ငန်းသည် အရှိန်အဟုန်မြင့်တက်လျှက်ရှိပြီး လွန်ခဲ့သောနှစ်နှင့်နှိုင်းယှဉ်လျှင် ပြည်တွင်းလာရောက်လည်ပတ်သူများသည် ၉၇ ရာခိုင်နှုန်းရှိကာ ပြည်ပမှ လာရောက်လည်ပတ်သူ ၄၁ ရာခိုင်နှုန်းရှိကြောင်း ကယားပြည်နယ်၏ ၂၀၁၈ ခုနှစ် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာစစ်တမ်းအရ သိရှိရသည်။



၂၀၁၄ ခုနှစ်တွင် ပြည်နယ်သို့ ပြည်တွင်းခရီးသွား ၁၁၀၀၀နှင့် နိုင်ငံခြားသားဧည့်သည် ၂၅၀၀ လာရောက်လည်ပတ်ကြသည်။ ယမန်နှစ်က ပြည်တွင်းခရီးသွား ၃၃၀၀၀ နှင့် နိုင်ငံခြားသားဧည့်သည် ၉၀၀၀အထိ တိုးလာကြောင်း စာရင်းများက ဖော်ပြထားသည်။

လက်ရှိစာရင်းအရ လာရောက်လည်ပတ်သူ နည်းပါးနေသေးသော်လည်း မယ်စဲ့နှင့် ထိုင်းနိုင်ငံ မဲ့ဟောင်ဆောင် ခွန်းရွှန်းအတွင်း ဖွင့်ထားသည့်နယ်စပ်ဂိတ်မှ ထိုင်းဧည့်သည်များလာရောက်လည်ပတ်ရန် မျှော်မှန်းထားသည်ကြောင်း 9 Generation Force လုပ်ငန်းမှ မန်နေဂျင်းဒါရိုက်တာဖြစ်သူ ဦးနေမိုးအောင်က ပြောသည်။

"မဲ့ဟောင်ဆောင်အပါအဝင် ခရိုင်လေးခုကို ကယားပြည်နယ်က နယ်စပ်နေရာတွေနဲ့ချိတ်ဆက်ထားပါတယ်။ မနှစ်က ဧည့်သည် ၇ သန်းကျော်လာပါတယ်။ ဧည့်သည်အများစုကတော့ ကယားပြည်ဘက်က တိုင်းရင်းသားကျေးရွာတွေဘက်ကိုသွားကြပါတယ်၊ ဒါကြောင့်ကျွန်တော်တို့တွေ ဂိတ်တွေဖွင့်တဲ့အခါ ထိုင်းဧည့်သည် ၅ သောင်းကနေ ၁ သိန်းထိ ဝင်လာဖို့ မျှော်မှန်းထားပါတယ်" ၎င်းကပြောသည်။

ကယားပြည်နယ်အစိုးရသည် ဒီမောဆိုးမြို့နယ်ရှိ ထော့နူးလာလာ့ရွာ၊ ပန်းပက်ရွာ၊ ဖရူးဆိုးမြို့နယ်ရှိ ထေးခိုနှင့် ဒေါ်တမာကြီးရွာ စသည်တို့ကဲ့သို့ တိုင်းရင်းသားကျေးရွာများ၌ လူထုအခြေပြုခရီးသွားလုပ်ငန်းဖွင့်လှစ်ခဲ့သည်။

မကြာသေးမီးက ကယားပြည်နယ်အစိုးရသည် မြန်မာနိုင်ငံတွင်း၌ အနည်းဆုံး ၆ ရက်နှင့် ၇ ရက် နေထိုင်လိုသော ခရီးသွားများအတွက် မဲ့စဲ့နှင့် ခွန်ရွှန်းအတွင်း နယ်စပ်ဂိတ်ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းခဲ့သည်။

လွိုင်ကော်ရှိ ဟိုတယ်နှင့်ခရီးသွားဌာနသည် ၂၀၁၅ ခုနှစ်ကတည်းကပင် နယ်စပ်ဂိတ်ဖွင့်ဖို့ ခွင့်ပြုချက်ရရှိရန် ကြိုးပမ်းခဲ့သော်လည်း နယ်စပ်နေရာသည် မြေပုံအမှတ်အသားမလုပ်ရသေးသောကြောင့် နှောင့်နှေးနေပြီး ကယားပြည်နယ်ရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တစ်ဖွဲ့သည်လည်း NCA မထိုးရသေးပေ။

Link: https://www.mmtimes.com/news/officials-optimistic-about-kayah-state-tourism-prospects.html

**အမျိုးသားလျှပ်စစ်ပေးဝေရေးစီမံကိန်းအတွက် ဒေါ်လာသန်း ၅၀ တန်ဖိုးရှိ သဘောတူညီချက် □၁၉□ချက် လက်မှတ်ရေးထိုး**

Eleven Myanmar, 8 June 2018

ကမ္ဘာ့ဘဏ်ချေးငွေဖြင့် အမျိုးသားလျှပ်စစ်ပေးဝေမှုစီမံကိန်း အကောင်အထည်ဖော်ရန်အတွက် ဒေါ်လာသန်း ၅၀ ကျော် တန်ဖိုးရှိသည့် အချက် □၁၉□ချက်ကို သဘောတူ လက်မှတ်ရေးထိုးခဲ့သည်ဟု လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ပြောကြားခဲ့သည်။

အဆိုပါစီမံကိန်းကြောင့် မြန်မာနိုင်ငံ၌ တိုင်းနှင့်ပြည်နယ် □၁၄□ခုရှိ ကျေးရွာ ၅၀၀၀ ကျော်သည် လျှပ်စစ်မီး ရရှိတော့မည်ဖြစ်သည်။

တင်ဒါအောင်သည့်ကုမ္ပဏီနှင့် ဝယ်ယူမှုစာချုပ်များနှင့် အတိုင်ပင်ခံဝန်ဆောင်မှု သဘောတူညီချက်များကို ဇွန်လ ၆ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သည်။

Link: http://www.elevenmyanmar.com/business/14089

**SMIDB မှ SMEs သို့ ချေးငွေကျပ် ၉□၆၃ ဘီလီယံ ချေးမည်**

Eleven Myanmar, 10 June 2018

အသေးစားနှင့်အလတ်စားစက်မှုဖွံ့ဖြိုးရေးဘဏ်(SMIDB) မှ နိုင်ငံတဝှမ်းရှိ ပြည်တွင်းအသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများအား ငွေကျပ်□၉□၆၃□ဘီလီယံချေးမည်ဖြစ်ကြောင်း သိရသည်။

SMIDB မှ SMEs များထံသို့ ပုံစံ□၂□မျိုးဖြင့် ချေးယူခွင့်ပြုမည်ဖြစ်သည်။ အပေါင်ပစ္စည်းချေးငွေနှင့် အပေါင်လွတ်ချေး ငွေဖြစ်သည်။

ယခင်က SMIDB သည် စက်မှုလုပ်ငန်းများ၊ ဆန်စက်များ၊ ဆီစက်များ၊ ရေသန့်စက်ရုံများ၊ အထည်ချုပ်များ၊ ဆေးဝါးထုတ်လုပ်သည့်စက်ရုံများ၊ စားသောက်ကုန် ထုတ်လုပ်သည့်စက်ရုံများနှင့် ယက်ကန်းစက်မှုဇုန်များကို ချေးငွေများ ပေးခဲ့သည်။

Link:http://www.elevenmyanmar.com/business/14100

**ဂျပန်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ဆေးဘက်ဆိုင်ရာအင်ဂျင်နီယာဒီပလိုမာ ပေးမည်**

Myanmar Times, 11 June 2018

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ဂျပန်နှင့်ပူးပေါင်း၍ ဆေးဘက်ဆိုင်ရာအင်ဂျင်နီယာ တစ်နှစ်သင်တန်းတစ်ခုကို စတင်ဖွင့်လှစ်ခဲ့သည်။

တစ်နှစ်ဒီပလိုမာသင်တန်းကို အိုကာရာမတက္ကသိုလ်၏ နည်းပညာပံ့ပိုးပေးမှုနှင့်အတူ ရန်ကုန်ဆေးတက္ကသိုလ်တွင် ဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်းကို ဇွန်လ ၁ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ၁၈ ဦးကို ပထမဆုံးအသုတ်အဖြစ်ရွေးချယ်ခဲ့သည်။

ရန်ကုန်တက္ကသိုလ်၏ ပါမောက္ခချုပ် ဒေါ်သိဂီလှိုင်မှ သင်တန်းတွင် နိုင်ငံ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ကျွမ်းကျင်သောဆေးဘက်ဆိုင်ရာအင်ဂျင်ယာများအဖြစ် လေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

တစ်နှစ်သင်တန်းသည် ဆေးဘက်ဆိုင်ရာ အင်ဂျင်နီယာကျွမ်းကျင်မှုများနှင့် ဆေးပညာဆိုင်ရာဗဟုသုတများ တိုးတက်လာစေရန်အတွက် သင်တန်းပေးမည်ဖြစ်သည်။

အစိုးရသည်  ဆေးဘက်ဆိုင်ရာအင်ဂျင်နီယာသင်တန်းတက်ရောက်သော ကျောင်းသားများအား ဂျပန်၌ ဆေးဘက်ဆိုင်ရာအင်ဂျင်နီယာဘွဲ့လွန် တက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျှက်ရှိကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးက ပြောကြားခဲ့သည်။

သင်တန်းပြီးဆုံးပါက တက္ကသိုလ်မှ ဆေးဘက်ဆိုင်ရာအင်ဂျင်နီယာဒီပလိုမာဘွဲ့အပ်နှင်းမည်ဖြစ်သည်။

Link: https://www.mmtimes.com/news/ministry-japan-launch-one-year-medical-engineering-diploma.html

**တောင်ကုတ်ဒီဂရီကောလိပ်ကို တက္ကသိုလ်အဆင့်သို့ တိုးမြှင့်ရန်စီစဉ်**

Burma News International, 11 June 2018




ရခိုင်ပြည်နယ်မှ တောင်ကုတ်ဒီဂရီကောလိပ်ကို တက္ကသိုလ်အဆင့်သို့တိုးမြှင့် သတ်မှတ်ပေးရန် ပညာရေးဝန်ကြီးဌာနမှ စီစဉ်နေကြောင်း သတင်းရရှိသည်။

“တောင်ကုတ်ဒီဂရီကောလိပ်ကို တက္ကသိုလ်အဖြစ် တိုးမြှင့်တော့မှာဖြစ်တဲ့အတွက် တောင်ကုတ်တက္ကသိုလ် ဖွဲ့စည်းပုံကို အမြန်ဆုံး တင်ခိုင်းနေပါတယ်” ဟု တောင်ကုတ်ဒီဂရီကောလိပ် ကျောင်းအုပ်ဆရာကြီး ဦးမြင့်ဆွေက သတင်းဌာန သို့

ပြောကြားခဲ့သည်။

လတ်တလောထွက်ပေါ်နေသော တောင်ကုတ်တက္ကသိုလ်ဖြစ်ပြီဆိုသော သတင်းမှာ မဟုတ်မှန်သေးကြောင်း၊ တရားဝင်မဖြစ်သေးကြောင်း ဦးမြင့်ဆွေကပြောသည်။

" တက္ကသိုလ်အဖြစ် တရားဝင်မဖြစ်သေးပါဘူး။ မကြာခင်တော့ ဖြစ်လာမှာပါ။ တက္ကသိုလ် အင်္ဂါရပ်တွေနဲ့ ပြည့်စုံတဲ့ တက္ကသိုလ်ဖွဲ့စည်းပုံကို တင်ပြသွားရမှာပါ။ လာမယ့် တနင်္လာနေ့ဆိုရင်တော့ တင်လို့ရပါပြီ။ အဲ့ဒါတင်ပြီးတဲ့ခါမှ တက္ကသိုလ်အဖြစ် ကြေညာမှာပါ"  ဟု ကျောင်းအုပ်ကြီး ဦးမြင့်ဆွေက ပြောသည်။

မြန်မာနိုင်ငံရှိ ဒီဂရီကောလိပ် ၅ ခုကို တက္ကသိုလ်အဆင့် တိုးမြှင့်ရန် ဖွဲ့စည်းပုံတင်ခိုင်းနေရာ ထိုဒီဂရီကောလိပ်များမှာ မြိတ်ဒီဂရီကောလိပ်၊ ရေနံချောင်းဒီဂရီကောလိပ်၊ မန္တလာဒီဂရီကောလိပ်၊ မိုးညှင်းဒီဂရီကောလိပ်နှင့် တောင်ကုတ်ဒီဂရီကောလိပ် တို့ဖြစ်ကြသည်။

တောင်ကုတ်ကောလိပ်ကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက် သတ်မှတ်ခဲ့ပြီး ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၁၁ရက်တွင် တောင်ကုတ် ဒီဂရီကောလိပ်အဖြစ် အဆင့်တိုးမြှင့် သတ်မှတ်ခဲ့ကြောင်း သိရှိရသည်။

Link: https://www.bnionline.net/en/news/toungup-degree-college-be-upgraded-university-level

## စိုက်ပျိုးရေးဌာနမှ အကောင်အထည်ဖော်ရန် အလားအလာရှိသည့် အမျိုးသားစိုက်ပျိုးရေးဗျူဟာသစ်

Myanmar Times, 11 June 2018

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန(MOALI)သည် Asia Development ဘဏ်၊ United Nations Food and Agricultural အဖွဲ့အစည်း (FAO) နှင့် အသက်မွေးဝမ်းကျောင်းနှင့် အစားအစာဘေးကင်းစိတ်ချရမှုရန်ပုံငွေအဖွဲ့တို့သည် ပြီးခဲ့သောသောကြာနေ့၌ နောင်လာမည့် ၅ နှစ်အတွက် မြန်မာနိုင်ငံ စိုက်ပျိုးရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုဗျူဟာကို စတင်ရေးဆွဲခဲ့သည်။



စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ ပံ့ပိုးကူညီပေးမှုနှင့်အတူ MOALI သည် ၂၀၁၆ ခုနှစ်တွင် စိုက်ပျိုးရေးဆိုင်ရာဖွံ့ဖြိုးရေးမူကို တည်ထောင်ခဲ့ပြီး သက်ဆိုင်ရာရင်းနှီးမြှုပ်နှံမှုအစီအစဉ်နှင့်အတူ ၅နှစ် စိုက်ပျိုးရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုဗျူဟာကို မူကြမ်းရေးဆွဲခဲ့သည်။

စိုက်ပျိုးရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဗျူဟာသစ်အောက်၌ စိုက်ပျိုးရေးနှင့် သဘာဝသံယံဇာတကဏ္ဍတွင် သိသာထင်ရှားသော ထုတ်လုပ်မှုနှင့် ကုန်ထုတ်လုပ်မှုအကျိုးအမြတ် ရရှိမှု ကြီးမားမည်ဖြစ်သည်။ သို့သော်လည်း မြန်မာနိုင်ငံသည် ကျေးလက်ဒေသများတွင် အဆောက်အအုံများနည်းပါးခြင်း၊ မြေယာပြဿနာ ရှုပ်ထွေးမှုရှိခြင်း စိုက်ပျိုးထုတ်လုပ်မှု အထွက်နှုန်း နည်းပါးခြင်းနှင့် စိုက်ပျိုး- အစားအစာထုတ်ကုန်များတွင် ယှဉ်ပြိုင်မှုနည်းပါးခြင်းစသည်တို့အပါအဝင် အခက်အခဲစိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည်။

အဆိုပါမဟာဗျူဟာကို အစိုးရမှတဆင့် ကဏ္ဍ၌ ဖွံ့ဖြိုးမှုအရှိန်မြှင့်တင်ရန် ရည်ရွယ်ပါသည်။

Link: https://www.mmtimes.com/news/new-national-agriculture-strategy-drive-growth-if-properly-implemented.html

## ကရင်စီးပွားရေး လုပ်ငန်းရှင်များအသင်း ဖွဲ့စည်းမည်

Burma News International, 11 June 2018

ကရင်လူငယ် စီးပွားရေးလုပ်ငန်းရှင်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ကာ ကရင်စီးပွားရေးလုပ်ငန်းရှင်အသင်းကို ဇူလိုင်လအတွင်း ဖွဲ့စည်းသွားမည်ဟု အသင်းဖွဲ့စည်းနိုင်ရေးအတွက် ဦးဆောင်လုပ်ကိုင်နေသူ ရန်ကုန်တိုင်းဒေသကြီး ကရင်စာပေနှင့်ယဉ်ကျေးမှုကော်မတီ တွဲဖက်အတွင်း ရေးမှူး- ၁ စောဘိုဘိုဝေမောင်က ကေအိုင်စီသို့ ပြောသည်။



အဆိုပါ ကရင်စီးပွားရေးလုပ်ငန်းရှင်များအသင်းကို တစ်နိုင်ငံလုံးရှိ ကရင်စီးပွားရေးလုပ်ငန်းရှင်များဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ပြီး ကနဦး ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ အောင်မြင်နေသည့် ကရင်စီးပွားရေးလုပ်ငန်းရှင်များ၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ(SME) လုပ်ကိုင်နေသည့် ကရင်လူငယ်စီးပွားရေးလုပ်ငန်းရှင်များ စုပေါင်းကာ ရန်ကုန်တိုင်းဒေသကြီးတွင် ပထမဦးဆုံး စဖွဲ့သွားမည်ဟု စောဘိုဘိုဝေမောင်က ယခုလိုပြောသည်။

"ဒီအဖွဲ့ကြီးထဲမှာ လုပ်ငန်းရှင်ကြီးတွေပါမယ်။ လူငယ်လုပ်ငန်းရှင်တွေပါမယ်။ ဒီလုပ်ငန်းရှင် နှစ်မျိုးနှစ်စားပေါင်းပြီးတော့ ကရင်လူငယ်လုပ်ငန်းရှင်တွေ ဖွံ့ဖြိုးတိုးတက်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကရင်စီးပွားရေးလုပ်ငန်းရှင်အသင်းဆိုပြီးတော့ တစ်နိုင်ငံလုံးဖွဲ့ဖို့ အစီအစဉ်ရှိတယ်။ ပထမဦးဆုံးကတော့ ရန်ကုန်မှာရှိတဲ့ ကရင်လုပ်ငန်းရှင်တွေကို စုစည်းပြီးတော့ ဖွဲ့ဖို့ အစီအစဉ် ရှိပါတယ်" ဟု ကေအိုင်စီသို့ ဇွန် ၈ ရက်နေ့တွင် ပြောသည်။

ကရင်စီးပွားရေးလုပ်ငန်းရှင်အသင်း ဖွဲ့စည်းရာတွင် ဦးဆောင်ပါဝင်နိုင်ရေးအတွက် ရေလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် အခြားစီးပွားရေးလုပ်ငန်းများတွင် အောင်မြင်နေသည့် ကရင်လုပ်ငန်းရှင်ကြီးများကို လိုက်လံစုစည်းနေပြီးဖြစ်ကာ ဇူလိုင်လကုန်ပိုင်းတွင် ဖွဲ့စည်းရန် ရည်ရွယ်ထားသည်ဟု စီစဉ်နေသူများက ပြောသည်။

ယခုလို ကရင်စီးပွားရေးလုပ်ငန်းရှင်များအသင်း ဖွဲ့စည်းရန် စီစဉ်နေမှုအပေါ် ကရင်အီကိုကုမ္ပဏီ ဒါရိုက်တာစောဟိုးရှေးက "ကျနော်တို့ ကုမ္ပဏီကို လာချိတ်ဆက်တာတော့ မရှိသေးဘူး။ ကရင်လုပ်ငန်းရှင်အသင်းဖွဲ့စည်းမှာကိုတော့ ကျနော် ထောက်ခံတယ်။ လိုလည်း လိုတယ်။ ဥပမာ- ပြည်တွင်းမှာပဲဖြစ်ဖြစ်၊ နိုင်ငံတကာနဲ့ပဲဖြစ်ဖြစ် ကုန်စည်အရောင်းအဝယ်လုပ်တဲ့ နေရာမှာ အသင်းအဖွဲ့နဲ့ တစ်ဆင့် လုပ်ကိုင်ရင် ပိုအဆင်ပြေတယ်" ဟု ဇွန် ၉ ရက်နေ့တွင် ကေအိုင်စီသို့ ပြောသည်။

ထို့အပြင် ကရင်စီးပွားရေးလုပ်ငန်းရှင်အသင်း ဖွဲ့စည်းရန် မြို့နယ်အသီးသီးရှိ ကရင်လုပ်ငန်းရှင်များကို သက်ဆိုင်ရာ ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီဝင်များက ချိတ်ဆက်ပေးရန် ဇွန် ၈ ရက်နေ့ ညနေပိုင်းတွင် အလုံမြို့နယ်၊ အောက်ကြည့်မြင်တိုင်လမ်း၊ အမှတ် ၅၂၄၊ ၉ လွှာ၌ ပြုလုပ်သည့် တိုင်းစာယဉ်အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပန်းသဇ္ဇာဇာမျိုးက တိုက်တွန်းပြောဆိုခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အလိုက် ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီများတွင် စီးပွားရေးကော်မတီခွဲများ ဖွဲ့စည်းထားပြီး ကရင်လူငယ်လုပ်ငန်းရှင်အဖွဲ့နှင့် ကရင်စီးပွားရေးလုပ်ငန်းရှင်အသင်းတို့ နောက်ပိုင်းတွင် ချိတ်ဆက်လုပ်ကိုင်သွားရန် ရည်ရွယ်ထားသည်ဟု တိုင်းစာယဉ်တာဝန် ရှိသူများက ပြောသည်။

Link: https://www.bnionline.net/en/news/karen-entrepreneurs-association-be-established

## <u>ယမန်လ၌ MOLIP မှ နိုင်ငံ( ၉) နိုင်ငံသို့ အလုပ်သမား( ၃၂၀၀၀) ကျော် စေလွှတ်နိုင်</u>

The Global New Light of Myanmar, 12 June 2018

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန(MOLIP)သည် မေလ၌ မလေးရှား၊ စင်္ကာပူ၊ တောင်ကိုရီးယား ၊ ထိုင်း၊ ဂျပန်၊ ယူအေအီး၊ ဂျော်ဒန်၊ ကာတာနှင့် မကာအို စသည့် ( ၉) နိုင်ငံသို့ အလုပ်သမား စုစုပေါင်း( ၂၃၂၀၃) ဦး စေလွှတ်ခဲ့သည်။

ယမန်လတွင် မြန်မာနိုင်ငံသား နေရပ်ရွှေ့ပြောင်းနေထိုင်သူအများစုသည် ထိုင်းနိုင်ငံသို့ သွားရောက်ခဲ့ကြသည်။ မြန်မာနိုင်ငံသား နေရပ်ရွှေ့ပြောင်းအလုပ်သမားများသည် မလေးရှား၊ တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံများသို့ အလုပ်လုပ်ကိုင်ရန် တရားဝင်သွားရောက်ခဲ့ကြသည်။

အလုပ်သမားဝန်ကြီးဌာနသည်လည်း အလုပ်သမားရုံးတွင် အွန်လိုင်းအလုပ်သမား အလဲအလှယ် စီမံခန့်ခွဲမှုစနစ်မှတဆင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန် စီမံဆောင်ရွက်နေသည်။ မေလတွင် နိုင်ငံသားများအတွက် ပြည်နယ်နှင့် တိုင်းအားလုံး၌ အစိုးရအလုပ်အကိုင်( ၅၁၈) ခုနှင့် ပုဂ္ဂလိက ကဏ္ဍများ၌ အလုပ်အကိုင်( ၁၂၅၇၈) ခု စသည်ဖြင့် အလုပ်အကိုင်အခွင့်အလမ်း စုစုပေါင်း( ၁၃၀၉၆) ခု ကျော် ဖန်တီးပေးနိုင်ခဲ့သည်။

အလုပ်သမားဝန်ကြီးဌာနသည် အလုပ်အကိုင်များ ပိုမိုဖန်တီးပေးနိုင်ရန်နှင့် ပြည်ပနိုင်ငံများသို့ မြန်မာရွှေ့ပြောင်းအလုပ်သမားများ တရားဝင် ပို့ပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျှက်ရှိသည်။

Link: https://issuu.com/myanmarnewspaper/docs/12_june_18_gnlm

**ရပ်ရွာစွမ်းရည်မြှင့်တင်ရေးထောက်ပံ့ကြေးငွေမှတဆင့် မြန်မာနိုင်ငံတောင်ပိုင်းရှိ ပြည်သူများ အကျိုးအမြတ်ရရှိမည်**

Mizzima, 15 June 2018

မြန်မာနိုင်ငံအရှေ့တောင်ပိုင်းစီမံချက်၌ USAID ၏ပံ့ပိုးကူညီပေးမှုတစိတ်တဒေသအဖြစ် ရပ်ရွာစွမ်းရည်မြှင့်တင်ရေးစီမံကိန်းကို ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့၌ မိတ်ဖက်အဖွဲ့များက အရေးပါသောဝန်ဆောင်မှု( ၄) ရပ်ထောက်ပံ့ကြေးငွေကို ရရှိမည်ဖြစ်သည်။ ရရှိမည့်အဖွဲ့များမှာ ကရင်ကျန်းမာရေးနှင့် လူမှုဖူလုံရေးဦးစီးဌာန၊ ကရင်တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းလုပ်ငန်းစု၊ ကမ္ဘာလုံးဆိုင်ရာအိမ်နီးချင်းထိုင်းနိုင်ငံဖောင်ဒေးရှင်း၊ မယ်တော်ဆေးခန်းနှင့် မွန်အမျိုးသားကျန်းမာရေးကော်မတီ စသည်တို့ဖြစ်ကြသည်။ ရပ်ရွာစွမ်းရည်မြှင့်တင်မှုစီမံကိန်းကို United States Agency for International Development (USAID)မှ ငွေကြေးထောက်ပံ့ပေးမည်ဖြစ်သည်။



အရေးပါသောဝန်ဆောင်မှုထောက်ပံ့ငွေကို ထိုင်းမြန်မာနယ်စပ်နှင့် လက်လှမ်းမမီသည့်ဒေသများရှိ ပြည်တွင်းနေရပ်စွန့်ခွာထွက်ပြေးသူများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက် ၅ နှစ်အောက်ကလေးသူငယ်များ စသည်တို့ကဲ့သို့ ကိုယ်တိုင်ရပ်တည်နိုင်စွမ်းနည်းပါးသည့်သူများအတွက် ကျန်းမာရေးလိုအပ်ချက်များနှင့်ပတ်သက်၍ ဦးတည်ထားဆောင်ရွက်ပေးမည်ဖြစ်သည်။

ထိုထောက်ပံ့ငွေအား လွိုင်ကော်၊ ကယား/ကရင်နီစသည့်ပြည်နယ်များ၌ ရပ်ရွာဖွံ့ဖြိုးမှုကို ဦးစားပေးဆောင်ရွက် ဖြေရှင်းပေးသည့် အဖွဲ့အစည်းများကို ကနဦးထောက်ပံ့ငွေအဖြစ် ဖေဖော်ဝါရီလတွင် လက်မှတ်ရေးထိုးပေးအပ်ခဲ့သည်။ စုစုပေါင်း အရေးပါသောဝန်ဆောင်မှုထောက်ပံ့ငွေ(၈)မျိုးရရှိပြီး ကျန်းမာရေး၊ပညာရေး၊ အသက်မွေးဝမ်းကျောင်း၊ ကျား၊မ၊ လူငယ်များ အတွင်း ခန့်မှန်းခြေအားဖြင့် လူ ၅၀၀၀၀၀ အကျိုးအမြတ်ခံစား ရရှိရန် မျှော်မှန်းထားသည်။

စီမံကိန်းအောက်၌ နောက်လာမည့်လျှောက်ထားတောင်းခံမှုများကို ဇူလိုင်လတွင် ချပေးနိုင်ရန် မျှော်မှန်းထားသည်။ ထိုထောက်ပံ့ကြေးကို မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ တိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၌ ကျန်းမာရေးနှင့် ပညာရေးတွင် ပံ့ပိုးပေးမည်ဖြစ်သည်။ ထို့ပြင် စီမံကိန်းရရှိသည့်လျှောက်ထားသူများသည် စီမံကိန်းအဖွဲ့ဝင်များနှင့်အတူ ရပ်ရွာအတွင်း တိုးလာသောတာဝန်များကို အတူလုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်သည်။ အထူးသဖြင့် ပညာရေးနှင့် ကျန်းမာရေးပိုင်းတွင်ဖြစ်သည်။

ရပ်ရွာစွမ်းရည်မြှင့်တင်ရေးစီမံကိန်းသည် ၅ နှစ် စီမံကိန်းဖြစ်ပြီး USAID မှ ဒေါ်လာ ၄၈သန်း ငွေကြေးထောက်ပံ့ပေးကာ မိတ်ဖက်အဖွဲ့အစည်းများဖြစ်ကြသည့် Mercy Corps နှင့် Save the Children International က အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သည်။ စီမံကိန်းကို ပြည်တွင်းနှင့်ဒေသကြီးအဖွဲ့အစည်းများ၊ ဝန်ဆောင်မှုပံ့ပိုးပေးသူများနှင့် အခြားသောရပ်ရွာဖွံ့ဖြိုးမှု ဦးစားပေးလုပ်ဆောင်သည့်အဖွဲ့အစည်းများနှင့်လည်း ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။ အဆိုပါစီမံကိန်းကို ကယား၊ ကရင်နီ၊ ကရင်၊ မွန်၊ ရှမ်းပြည်တောင်ပိုင်း၊ ပဲခူးအရှေ့ပိုင်းနှင့် တနင်္သာရီမြောက်ပိုင်းဒေသများနှင့် ပြည်နယ်များဆီသို့လည်းရောက်ရှိမည်ဖြစ်သည်။

Link: http://www.mizzima.com/news-domestic/community-empowerment-grants-benefit-people-southeastern-myanmar

## တရားဥပဒေနှင့်အုပ်ချုပ်မှု

**သန်းခေါင်စာရင်းနှင့် မှတ်ပုံတင်မရှိသည့်အတွက် တိုင်းရင်းသားအခွင့်အရေးများ ဆုံးရှုံးနေရကြောင်း လွှတ်တော်ကိုယ်စားလှယ်မေးခွန်းမေးမြန်း**

Mon News Agency, 1 June 2018

မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားများသည် သန်းခေါင်စာရင်းနှင့် မှတ်ပုံတင်မရှိသည့်အတွက် တိုင်းရင်းသားအခွင့်အရေးနှင့် နိုင်ငံသားအခွင့်အရေးများ ဆုံးရှုံးနေရကြောင်း၊ အထူးကိစ္စတစ်ရပ်အနေဖြင့် သန်းခေါင်စာရင်းနှင့်မှတ်ပုံတင် ရရှိရန်အတွက် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိမရှိကို မေလ ၃၀ ရက်က ကျင်းပသည့် ဒုတိယအကြိမ် ပြည်နယ်လွှတ်တော်အစည်းအဝေးတွင် သထုံမြို့နယ် မဲဆန္ဒနယ်အမှတ်( ၁) ပြည်နယ်လွှတ် တော်ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်လဲ့က မေးခွန်းမေးမြန်းခဲ့သည်။



ဒေသခံတိုင်းရင်းသားများက ဝေးလံခေါင်သီသည့်နေရာတွင် လူဦးရေ ပြန့်ကျဲစွာနေထိုင်လျက်ကြပြီး ယခင်က အမဲရောင်နယ်မြေ၊ အညိုရောင်နယ်မြေအဖြစ် သတ်မှတ်ခံခဲ့ရသဖြင့် ဆက်သွယ်သွားလာရေး ခက်ခဲသည့်နေရာလည်း ဖြစ်ခဲ့ကြောင်း ၎င်းကဆိုသည်။

ဒေါ်ခိုင်ခိုင်လဲ့က "မှတ်ပုံတင်ရှိမှသာ အဲဒီကလေးတွေဟာ တက္ကသိုလ်တက်နိုင်မယ်။ အလုပ်အကိုင်အခွင့်အလမ်း လုပ်ကိုင်ရရှိနိုင်မှာ ဖြစ်ပါတယ်။ ယခင့်ယခင်မိဘဘိုးဘွားတွေကလည်း မှတ်ပုံတင်မရှိခြင်း၊ သန်းခေါင်စာရင်းမရှိခြင်းအတွက် သူတို့ရဲ့ နောက်မျိုးဆက်ကလေးတွေမှာတော့ အခက်အခဲများစွာ ရင်ဆိုင်နေရပါတယ်"ဟု ပြောသည်။

ယခုအချိန်တွင် ငြိမ်းချမ်းရေးများရရှိလာပြီဖြစ်၍ ဖွံ့ဖြိုးလာသည့်အလျောက် ယင်းဒေသမှာရှိနေသည့် ကလေးများ၏ အနာဂတ်ပညာရေး၊ ကျန်းမာရေးကအစ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်နေသောကြောင့် ကလေးတစ်ယောက် ကျောင်းနေရန်အတွက်လည်း မွေးစာရင်းလိုအပ်သလို သန်းခေါင်စာရင်းထည့်ထားမှသာ မှတ်ပုံတင်ပြုလုပ်နိုင်မည့်အနေအထားမျိုးဖြစ်နေကြောင်း ၎င်းက ရှင်းပြသည်။

မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးဝဏ္ဏကျော်က "လက်ရှိမိမိတို့ပြည်နယ်တွေမှာ မှတ်ပုံတင်ပြုလုပ်ပေးဖို့ ဆိုလို့ရှိရင် ပထမဦးစွာ အိမ်ထောင်စုစာရင်းလို့ခေါ်တဲ့ သန်းခေါင်စာရင်းရှိရမယ်။ အိမ်ထောင်စုစာရင်း၊ သန်းခေါင်စာရင်းရှိမှသာလျှင် မှတ်ပုံတင်ပြုလုပ်လို့ရပါတယ်။ ဒီလိုအိမ်ထောင်စုစာရင်း၊ သန်းခေါင်စာရင်းမရှိဘဲနဲ့ မှတ်ပုံတင်ပြုလုပ်ဖို့အကြောင်းအရာသည် မိမိတို့ပြည်နယ်အနေနဲ့ ဆောင်ရွက်နိုင်ခြင်းမရှိဘဲနဲ့ သက်ဆိုင်ရာဥပဒေလုပ်ထုံးလုပ်နည်းများကို ပြုပြင်ပြီးမှ ဆောင်ရွက်ရမှာ ဖြစ်တဲ့အတွက်ကြောင့် ဒါသည် ပြည်ထောင်စုအဆင့်မှသာလျှင် ဆုံးဖြတ်နိုင်စွမ်းရှိပါလိမ့်မည်"ဟု ပြန်လည်ဖြေကြားခဲ့သည်။

ထို့ပြင် သန်းခေါင်စာရင်းဆောင်ရွက်သည့်နေရာတွင် မိမိတို့ဌာနတစ်ခုဖြင့် ဆောင်ရွက်၍မရသောကြောင့် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လက်ရှိပြဋ္ဌာန်းထားသည့် ဥပဒေ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ရပါကြောင်း၊ လက်ရှိပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများအရ အိမ်ထောင်စုစာရင်း (ခေါ်) သန်းခေါင်းစာရင်းကို ပြုလုပ်ပေးနိုင်မှသာ မှတ်ပုံတင်ကို ပြုလုပ်ပေးနိုင်မည်ဖြစ်ကြောင်း ဦးဝဏ္ဏကျော်က ပြန်လည်ဖြေကြားခြင်း ဖြစ်သည်။

ယင်းမေးခွန်းသည် အင်မတန်ကျယ်ဝန်းသည့် မေးခွန်းဖြစ်သည့်အတွက် မိမိအနေဖြင့် အစိုးရတစ်ဖွဲ့လုံးကို ကိုယ်စားပြုပြီး "သန်းခေါင်းစာရင်း လုပ်ပေးမယ်။ မလုပ်ပေးဘူး" ဆိုသည့်မေးခွန်းကို လွှတ်တော်တွင် ဖြေကြားရန် ခက်ခဲသည့်အတွက် ပြည်နယ်အစိုးရအဖွဲ့တွင် ပြန်လည်တင်ပြပြီး ရရှိလာသည့်အဖြေကို လွှတ်တော်တွင် ပေးပို့သွားမည်ဖြစ်ကြောင်း ဦးဝဏ္ဏကျော်က ပြောသည်။

ထို့ပြင် မွန်ပြည်နယ်အတွင်း အိမ်ထောင်စုစာရင်းဝင်ရှိသော်လည်း အသက် ၁၀ နှစ်အထက်ရှိပြီး သက်သေခံကတ်ပြား လုံးဝမရှိသူ ၄၆၉, ၆၂၁ ဦးဖြစ်သည့်အတွက် ပြည်နယ်တစ်ခုလုံးလူဦးရေ၏ ၂၈ ဒသမ ၅ ရာခိုင်နှုန်းသည် မည်သည့် သက်သေခံကတ်ပြား( သို့မဟုတ်) မှတ်ပုံတင်မရှိကြောင်း ၂၀၁၄ သန်းခေါင်စာရင်းတွင် ဖော်ပြထားသည်။

Link: http://monnews.org/2018/06/01/mp-asks-state-govt-to-issue-household-registrations-nrcs-to-ethnic-people-in-mon-state/

**NLD ပါတီစီးပွားရေးကော်မတီဝင် ဦးစိုးဝင်းအား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်ရန် လွှတ်တော် သဘောတူ**

Eleven Myanmar, 1 June 2018

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီးအဖြစ် NLDပါတီ စီးပွားရေးကော်မတီဝင် ဦးစိုးဝင်းအား ခန့်အပ်ရန် ပြည်ထောင်စုလွှတ်တော်က သဘောတူခဲ့ကြောင်း သိရသည်။

ဦးစိုးဝင်းသည် ၁၉၃၈ ခုနှစ်တွင် မော်လမြိုင်မြို့၌ မွေးဖွားခဲ့ပြီး အသက်အရွယ်အားဖြင့် ၈၀နှစ်ရှိပြီဖြစ်ကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ စီးပွားရေးကော်မတီဝင်တစ်ဦးလည်းဖြစ်သည်။

လက်ရှိတွင် Deloitte Touche Myanmar vigour Advisory Limited တွင် အလုပ်လုပ်ကိုင်လျှက်ရှိပြီး ဝိဇ္ဇာ၊ ဥပဒေဝိဇ္ဇာ၊ စီမံခန့်ခွဲရေး ဒီပလိုမမာ (BA, BL ,DMA) တို့ကို ရရှိထားသူဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်ရန် အမည်စာရင်း တင်သွင်းခံထားရသည့် ဦးစိုးဝင်းသည် မြန်မာ့စီးပွားရေးဘဏ်တွင် ဒုတိယမန်နေဂျာအဖြစ် ၁၉၆၁ ခုနှစ်တွင် စတင်လုပ်ကိုင်ခဲ့ပြီး မြန်မာနိုင်ငံကုန်သွယ်မှုဘဏ်တွင်လည်း တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ကြောင်း သိရသည်။

ထို့နောက် နိုင်ငံတကာအကြံပေးကုမ္ပဏီ Deloitte Touche ၏ မြန်မာနိုင်ငံဆိုင်ရာ အစုစပ်ပိုင်ရှင်အဖြစ် တာဝန်ယူလုပ်ကိုင်ခဲ့ပြီး ဘဏ်လုပ်ငန်းနှင့်ပတ်သက်၍ ကျွမ်းကျင်သူတစ်ဦးဖြစ်ကာ နိုင်ငံတကာနှင့် ပြည်တွင်း အကြံပေးပညာရှင်အဖြစ် နှစ်ပေါင်းများစွာ လုပ်ကိုင်လာသူတစ်ဦးဖြစ်ကြောင်း သိရသည်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းအနေဖြင့် ၎င်း၏ သဘောဆန္ဒအလျောက် မေ ၂၅ ရက်တွင် ရာထူးမှ နုတ်ထွက်သွားသောကြောင့် ဦးစိုးဝင်းက ဝန်ကြီးအသစ်ဖြစ်လာခဲ့သည်။

Link: http://www.elevenmyanmar.com/politics/14048

## ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမည့်အဖွဲ့များ လျှောက်လွှာတင်နိုင်ပြီဟု UEC ကြေညာ

Mizzima, 7 June 2018

လာမည့် နိုဝင်ဘာလဆန်းအတွင်း လစ်လပ်မဲဆန္ဒနယ်များအတွက် ကျင်းပရန်ရှိနေသည့် ကြားဖြတ်ရွေးကောက်ပွဲတွင် စောင့်ကြည့်လေ့လာလိုသည့် ပြည်တွင်းနှင့် နိုင်ငံတကာ(ပြည်ပ) အဖွဲ့အစည်းများအနေဖြင့် လျှောက်လွှာများကို စတင်နိုင်ပြီဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC) မှ ကြေညာလိုက်သည်။



ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမည့်အဖွဲ့များအနေဖြင့် ဇွန်လ ၇ ရက်မှစတင်ကာ အောက်တိုဘာလ ၁၈ ရက်နေ့အထိ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်တွင် လျှောက်ထားနိုင်ပြီဖြစ်ကြောင်း UEC မှ ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

ပြည်တွင်းက စောင့်ကြည့်လေ့လာသူတွေအနေဖြင့် လုပ်ဆောင်

ရမည့် လုပ်ငန်းစဉ်များကို အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၁၆ ) နှင့် နိုင်ငံတကာ ပြည်ပရွေးကောက်ပွဲ စောင့်ကြည့်မယ့်သူတွေအနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၁၆)တို့ကိုကြေညာထားပြီး ဖြစ်ကြောင်းလည်းသိရသည်။

နိုဝင်ဘာလ ၃ ရက်နေ့တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် လွှတ်တော် ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကို လာမယ့် ဇူလိုင် ၂ ရက်နေ့ မှစတင်ကာ ၁၀ ရက်အတွင်း တင်သွင်းနိုင်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်မှ ထုတ်ပြန်ထားသည်။

ပြည်သူ့လွှတ်တော်အတွက် ၄ နေရာ၊ အမျိုးသားလွှတ်တော်အတွက် ၁ နေရာ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော်အတွက် ၈ နေရာ၊ စုစုပေါင်း လစ်လပ်မဲဆန္ဒနယ် ၁၃ နေရာအတွက် နိုဝင်ဘာ ၃ ရက်နေ့တွင် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည်ဖြစ်သည်။

လစ်လပ်မဲဆန္ဒနယ်မြေများမှ မဲပေးပိုင်ခွင့်ရှိသူစာရင်းတွေကို လာမည့် ဇွန်လကုန် ဇူလိုင်လဆန်းလောက်တွင် တစ်ကြိမ်၊ ဩဂုတ်လတွင် တစ်ကြိမ် ထုတ်ပြန်ပေးဖို့ ရွေးကောက်ပွဲကော်မရှင်က စီစဉ်ထားသည်။

ယခုကြားဖြတ်ရွေးကောက်ပွဲသည် NLDအစိုးရသက်တမ်းကာလအတွင်း ဒုတိယအကြိမ်ပြုလုပ်မည့် ရွေးကောက်ပွဲလည်းဖြစ်သည်။

၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲမှာ ပြည်တွင်း ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ ၂၀၆၂ ဦးနဲ့ နိုင်ငံတကာ (ပြည်ပ) ရွေးကောက်ပွဲစောင့် ကြည့်လေ့လာသူ ၃၁၂ ဦးရှိခဲ့သည်ဟုလည်း ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်မှ ထုတ်ပြန်ထားသည်။

Link: http://www.mizzima.com/news-domestic/uec-announces-applications-election-observers

## မွန်ပြည်နယ်အလံအဖြစ် အသုံးပြုရန် အနီရောင်အောက်ခံ ရွှေဟင်္သာပုံပါဝင်သောပုံကို မွန်ပြည်နယ်လွှတ်တော်မှ ဆုံးဖြတ်

Mon News International, 8 June 2018

မွန်ပြည်နယ်လွှတ်တော်မှ အတည်ပြုပေးရန်ရှိသော မွန်ပြည်နယ်အလံကို ဒုတိယအကြိမ်၊ မွန်ပြည်နယ် လွှတ်တော် ဒသမပုံမှန်



အစည်းအဝေး သတ္တမနေ့အစည်းအဝေးတွင် အနီရောင်အောက်ခံ ရွှေဟသ်ာပုံပါ ၊ စာသားမပါဝင်သည့် အောက်ဖော်ပြပါပုံကို အတည်ပြု ဆုံးဖြတ်ခဲ့သည်။

မွန်ပြည်နယ်အလံအတွက် လွှတ်တော်ကိုယ်စားလှယ်များက သတင်းမီဒီယာတို့တွင် အများပြည်သူမဲပေးထားသော မဲကို ကိုးကားဆွေးနွေးခဲ့ပြီး အများပြည်သူတို့၏ဆန္ဒကို အလေးထားကြောင်း ဆွေးနွေးခဲ့ကြသည်။

မွန်ပြည်နယ်ဝန်ကြီးချုပ်က အများပြည်သူ ထောက်ခံသော အနီရောင်အောက်ခံ ရွှေရောင်ဟသ်ာပုံပါ အလံပုံစံကိုသာ တခဲနက်ရွေးချယ်ပေးရန် လွှတ်တော်၏ ဆန္ဒကို တောင်းခံခဲ့သည်။

အလံကြောင့်ဖြစ်ပေါ်လာသော ကောင်းကျိုး၊ ဆိုးကျိုးအားလုံးကို တာဝန်ယူ၊ တာဝန်ခံသွားမည်ဖြစ်ကြောင်း မွန်ပြည်နယ် ဝန်ကြီးချုပ်က ထပ်ဆင့်ဆွေးနွေးခဲ့သည်။

အတည်ပြုပုံစံမှာ အလျား ၆ ပေ၊ အနံ ၄ ပေ၊ အောက်ခံအနီ၊ အလယ်တွင် ရွှေရောင်ဟသ်ာအဖိုဖြစ်ပါသည်။

Link: https://www.bnionline.net/en/news/mon-state-hluttaw-approves-picture-golden-hamsa-red-background-mon-state-flag

**ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းကို နောက်လအစောပိုင်းတွင် ကြေငြာမည်**

Eleven Myanmar, 11 June 2018

လာမည့်ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းကို ဇူလိုင်ပထမပတ်တွင် ကြေငြာမည်ဖြစ်ကြောင်း ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က ပြောခဲ့သည်။

နိုင်ငံတဝှမ်းရှိ မဲဆန္ဒနယ်မြေ လစ်လပ်နေရာ ၁၃ နေရာတွင် မြင်းခြံမြို့နယ်မှလွဲ၍ ၁၂ နေရာမှာ မဲဆန္ဒရှင် ၂ သိန်းကျော်အား စာရင်းပြုစုပြီးဖြစ်သည်။ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲစာရင်းအရ မြင်းခြံတွင် မဲဆန္ဒရှင် ၂၁၁၀၄၃ ဦးရှိခဲ့သည်။

ရွေးကောက်ပွဲကော်မရှင်သည် ကြားဖြတ်ရွေးကောက်ပွဲကို ယခုနှစ် အောက်တိုဘာလ ၃ ရက်နေ့တွင် ပြုလုပ်မည်ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းပြုစုခြင်းကို ဧပြီလကတည်းကပင် စတင်ဆောင်ရွက်နေပြီဖြစ်သည်။

ကြားဖြတ်ရွေးကောက်ပွဲအတွက် အောက်လွှတ်တော်လစ်လပ်နေရာများမှာ ကန်ပက်လက်၊ လန်ချား၊ တာမွေနှင့် မြင်းခြံ စသည်တို့ဖြစ်ကြသည်။ အထက်လွှတ်တော်အတွက် တိုင်းနှင့်ပြည်နယ်လွှတ်တော်များတွင် လစ်လပ်နေရာများမှာ မြစ်ကြီးနားတွင် ၂ နေရာ၊ မတူပီ၊ တမူး၊အုတ်တွင်း၊ သပိတ်ကျင်း၊ ရသေ့တောင်၊ မင်းဘူး၊ ဆိတ်ကန်နှင့် ရှမ်းတိုင်းရင်းသားမဲဆန္ဒနယ်မြေဖြစ်သည်။

Link: http://www.elevenmyanmar.com/politics/14107

## မြေနှင့်ပစ္စည်းဥစ္စာ

**မြေယာတိုင်းထွာမှုနှင့် မြေယာပြဿနာဖြေရှင်းမှုများကို ဦးစားပေးလုပ်ဆောင်ရန် KNU လယ်ယာဌာနဆုံးဖြတ်**

Karen News, 4 June 2018

ပြည်သူလူထုများ စနစ်တကျ မြေယာပိုင်ဆိုင်ခွင့်ရရန်နှင့် ယခုနှစ်အတွင်း ပေါ်ပေါက်လာသည့် နှစ်ဖက်ရောနှောအုပ်ချုပ်နယ်မြေရှိ မြေယာပြဿနာများကို ဦးစားပေးလုပ်ဆောင်ပေးသွားရန် ကေအဲန်ယူ- ကရင်အမျိုးသားအစည်းအရုံး လယ်ယာ စိုက်ပျိုးရေးဌာန၏ မေလ ၃၀ ရက်နေ့က ဖားအံခရိုင်၊ ကလိုယော်ထာ၌ ပြုလုပ်ပြီးစီးခဲ့သည့် ၁၂ ကြိမ်မြောက် နှစ်ကုန်အစည်းအဝေး၌ ဆုံးဖြတ်လိုက်သည်။

ကေအဲန်ယူနယ်မြေအတွင်းရှိ ပြည်သူလူထုသည် မြေယာဂရံ(Land Grant)ကို ထုတ်ပေးနိုင်ရန်အတွက် လိုအပ်သည့် မြေယာတိုင်းထွာမှုလုပ်ငန်းများကို တောင်းခံမှုများစွာရှိနေသလို ယခုနှစ်မှစကာ ကေအဲန်ယူနှင့် အစိုးရ ရောနှောအုပ်ချုပ်နယ်မြေအတွင်း မြေယာပြဿနာကိစ္စနှင့်ပတ်သက်၍ နှစ်ဖက်ထိပ်တိုက်မှုများရှိလာကြောင်း ကေအဲန်ယူ လယ်ယာ စိုက်ပျိုးရေးဌာနအတွင်းရေးမှူး ပဒိုစောလယ်စေးက ပြောသည်။




"ကျနော်တို့ ဗဟိုခရိုင်အသီးသီးက ချမှတ်ထား တဲ့ လုပ်ငန်းစဉ်အတိုင်း မြေယာတိုင်းထွာမှုကို ဆက်လက်ဦးစားပေး လုပ်ဆောင်သွားမယ်။ နောက်ပြီးတော့ ကျနော်တို့ ထိစပ်နယ်မြေအချို့မှာ အခုဆိုရင် မြေယာပြဿနာတွေ ပေါ်ပေါက်လာတယ်။ အစိုးရဘက်က ရပ်ကျေးအုပ်ချုပ်ရေးမှူးတွေနဲ့ မြို့နယ်မြေတိုင်းဌာနတို့ ပေါင်းပြီးတော့မှ ပြည်သူလူထုမြေတွေကို အကွက်ချရောင်းစားနေတာတွေ ရှိနေတယ်" ဟု ကေအိုင်စီသို့ ပြောသည်။

အဆိုပါ မြေယာပြဿနာများသည့် ယခုနှစ်မှစ၍ KNU၏ ဖားအံခရိုင်၊ ဒူပလာယာခရိုင်နှင့် သထုံခရိုင်များတွင် အများဆုံး ကြုံတွေ့နေရပြီး အလားတူ အစိုးရမှ မြေယာများလာရောက်တိုင်းထွာပေးမှုများကြောင့် ပြည်သူအချင်းချင်းအကြား မြေယာ အငြင်းပွားမှုများ ရှိနေကြောင်း၊ ၎င်းပြဿနာများကို သွားရောက်တွေ့ဆုံဖြေရှင်းရာ၌ အထက်အမိန့်အရ လုပ်ဆောင်ရခြင်းဖြစ်ခြင်းအပေါ် လာရောက်တားမြစ်ပိတ်ပင်ပြောဆိုခြင်းမပြုလုပ်နိုင်ကြောင်း ပြန်လည်တုံ့ပြန်ပြောဆိုမှုများရှိသည်ဟု ပဒိုစောလယ်စေးက ဆက်ပြောသည်။

မေလ ၂၈ မှ ၃၀ရက်နေ့အထိ ပြုလုပ်ခဲ့သည့် နှစ်ပတ်လည်အစည်းအဝေးသို့ ကေအဲန်ယူ ဗဟို လယ်ယာစိုက်ပျိုးရေးဌာနမှ တာဝန်ရှိသူများ၊ ခရိုင်( ၇) ခုမှ ခရိုင်လယ်ယာစိုက်ပျိုးရေးဌာနမှူးများ၊ အတွင်းရေးမှူးများ၊ ဗဟိုကော်မတီဝင်များ၊ ပညာရှင်များ စုစုပေါင်း ( ၈၀) ကျော် ပါဝင်တက်ရောက်ခဲ့ပြီး ၂၀၁၇ နှင့် ၂၀၁၈ ခုနှစ် နှစ်စပိုင်းအတွင်း ၎င်းတို့၏ လုပ်ဆောင်ခဲ့မှုများ၊ အကောင်အထည်ဖော်ဆဲ စိုက်ပျိုးရေးမူဝါဒများကို ဆွေးနွေးခဲ့ကြသည်ဟု သိရသည်။

ကေအဲန်ယူ၏ ဌာန ( ၁၄) ခုအနက် တစ်ခုဖြစ်သော လယ်ယာစိုက်ပျိုးရေးဌာနသည် ၁၉၄၉ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ၁၉၇၄ ခုနှစ်တွင် မြေယာမူဝါဒကို စတင်ပြဌာန်းခဲ့သည်။ ထိုမှတဆင့် ၂၀၀၅ ခုနှစ်တွင် "မြေယာသည် ဒေသခံ ပြည်သူများတွက်ဖြစ်သည်" ဟူသောဆောင်ပုဒ်ဖြင့် ပြင်ဆင်ရေးဆွဲ ချမှတ်ခဲ့ပြီး ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလတွင် "မြေယာသည် ပြည်သူလူထုက ပိုင်ဆိုင်သည်" ဟူသောဆောင်ပုဒ်ဖြင့် ရှိနှင့်ပြီးသားမြေယာမူဝါဒကို ခေတ်နှင့်အညီ ပြန်လည်ရေးဆွဲခဲ့သည်ဟု ကေအဲန်ယူက ပြောသည်။ ကေအဲန်ယူ လယ်ယာစိုက်ပျိုးရေးဌာနအနေဖြင့် ၂၀၁၃ ခုနှစ်ကတည်းက စတင်ကာ ကရင်ပြည်နယ်အပြင် ၎င်းတို့ လက်လှမ်းမီရာ ကရင်ဒေသများတွင် မြေယာမှတ်ပုံတင်နှင့် တိုင်းထွာပေးမှုများ စတင်ပြုလုပ်ပေးခဲ့သည်။

Link: http://karennews.org/2018/06/knu-agricultural-department-decide-to-prioritize-measuring-land-solving-land-disputes/

## ငြိမ်းချမ်းရေးနှင့် ပြန်လည်ရင်ကြားစေ့ရေး

**တစ်နှစ်ကြာရပ်နားထားရသည့် ၂၁ရာစုပင်လုံညီလာခံကို ပြန်လည်ကျင်းပရန် အစိုးရ၊တပ်မတော်နှင့်လက်နက်ကိုင်များ ညှိနှိုင်း**

Myanmar Times, 31 May 2018

တစ်နှစ်ကျော်ကြာရပ်နားထားရသော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစုပင်လုံအစည်းအဝေးကို ကျင်းပရန် အစိုးရနှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်လက်မှတ်ထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် ၁၀ ဖွဲ့မှ ကိုယ်စားလှယ်များသည် ရန်ကုန်မြို့ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးလုပ်ငန်းဗဟိုဌာနတွင် မေ ၃၀ ရက်က တွေ့ဆုံညှိနှိုင်းမှုများပြုလုပ်ခဲ့သည်။

" ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပိတ်ဆို့ တားဆီးနေတဲ့ကိစ္စတွေကို ကျော်လွှားဖို့ နည်းလမ်းရှာနေတာပါ။ အရေးကြီးတဲ့ အနာဂတ် ဒီမိုကရက်တစ်ဖက်ဒရယ်မူတွေကို ဘယ်လိုဆွေးနွေးကြမလဲ။ ဘယ်ပုံစံနဲ့ အဖြေထုတ်မလဲ။ အားလုံး သဘောတူ လက်ခံသော ဘုံမျှော်မှန်းချက်၊ တန်ဖိုးတွေဘယ်လိုရှာကြမလဲဆွေးနွေးနေပါတယ်" ဟု မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF) ဥက္ကဋ္ဌ ရဲဘော်သံခဲက ပြောသည်။

အစိုးရက ဖွန်လအတွင်း ကျင်းပရန် ကြိုးပမ်းနေကြောင်း နိုင်ငံတော်သမ္မတရုံးပြောရေးဆိုခွင့်ရှိသူ ဦးဇော်ဌေးကပြောသည်။ ပြီးခဲ့သည့် ၂၀၁၇ ခုနှစ်မေ ၂၄ ရက်တွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစုပင်လုံဒုတိယအကြိမ်အစည်းအဝေး ကျင်းပခဲ့

ပြီးနောက် တစ်နှစ်ကျော်ကြာသည်အထိ ပြန်လည်ကျင်းပနိုင်ခြင်းမရှိသေးဘဲ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် တစ်ဆို့မှုများ၊ မကျေလည်မှုများ ရှိနေကြောင်း တိုင်းရင်းသားလက်နက်ကိုင်များက ပြောသည်။

ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ဆို့မှုများသည် ကြိုတင်ချမှတ်ထားသော စည်းကမ်းသတ်မှတ်ချက်များကြောင့်လား၊လုပ်ငန်းစဉ် အခက်အခဲကြောင့်လား သို့တည်းမဟုတ် အချက်အလက်အရညှိနှိုင်းရာတွင် ကွာဟချက်ကြီးမားမှုကြောင့်လား ဆိုသည်ကို ပြန်လည်ဆန်းစစ်ရမည်ဖြစ်ကြောင်း၊ မည်သို့ပင်ဖြစ်စေ အင်န်စီအေကို အကောင်အထည်ဖော်ရာတွင် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် လေးစားမှုထားခြင်း၊ အကျေအလည်ညှိနှိုင်းဆွေးနွေးခြင်း၊ အင်အားမသုံးခြင်း စသည်တို့ ပါဝင်သည့် နိုင်ငံရေးယဉ်ကျေးမှုသစ်ကိုအခြေခံကာ အတူတကွကြိုးစားကြရမည်ဖြစ်ကြောင်း ကေအင်န်ယူ ဥက္ကဋ္ဌက မေ ၂၇ ရက်တွင် ပြောဆိုခဲ့သည်။

Link: [https://www.mmtimes.com/news/government-tatmadaw-nca-signatories-meet-peace-process-problems.html](https://www.mmtimes.com/news/government-tatmadaw-nca-signatories-meet-peace-process-problems.html)

## <u>တတိယအကြိမ်ပင်လုံတွင် လုံခြုံရေးကဏ္ဍ ထည့်သွင်းဆွေးနွေးမည်ဟုဆို</u>

Mizzima, 5 June 2018

ကျင်းပရက် မသေချာသေးသည့် တတိယအကြိမ် ၂၁ ရာစု ပင်လုံညီလာခံတွင် ယခင်ညီလာခံမှာ မဆွေးနွေးခဲ့သည့် လုံခြုံရေး ကဏ္ဍကို ထည့်သွင်း ဆွေးနွေးသွားမည်ဟု တိုင်းရင်းသားလက်နက်ကိုင်များအစုအဖွဲ့ တာဝန်ရှိသူများက ပြောသည်။



၂၁ ရာစုပင်လုံအစည်းအဝေးတွင်ဆွေးနွေးရန် ကဏ္ဍကြီး ငါးခု မှာ နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ လုံခြုံရေးကဏ္ဍ၊ မြေယာနှင့်သဘာဝပတ်ဝန်းကျင်ကဏ္ဍ တို့ ရှိပြီး ဒုတိယပင်လုံတွင် လုံခြုံရေးကဏ္ဍကို မဆွေးနွေးဖြစ်ခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့် ၂၀၁၈ ခုနှစ် မေလကုန်ပိုင်းတွင် တပ်မတော်၊ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်တို့ ရန်ကုန်မြို့ရှိ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) တွင် အလွတ်သဘော တွေ့ဆုံပြီး လုံခြုံရေး ကဏ္ဍ ကိုဆွေးနွေးခဲ့ကြသည်။

သို့သော် တွေ့ဆုံဆွေးနွေးမှု အသေးစိတ်အချက်အလက်များကိုမူ ထုတ်ပြန်ခဲ့ခြင်းမရှိဘဲ လာမည့်ပင်လုံတွင် လုံခြုံရေးကဏ္ဍကို ထည့်သွင်းဆွေးနွေးရန် သဘောတူထားကြောင်းကိုသာ သိရှိရသည်။

ဒုတိယအကြိမ်ပင်လုံတွင် နိုင်ငံရေးခေါင်းစဉ်အောက်၌ မူဝါဒ သဘောတူညီချက် ၁၂ ချက် ချမှတ်နိုင်ခဲ့ပြီး စီးပွားရေးခေါင်းစဉ်အောက်တွင် မူဝါဒသဘောတူညီချက် ၁၁ ချက် ၊ လူမှုရေးမူဝါဒသဘောတူညီချက် ၄ ချက်၊ မြေယာခေါင်းစဉ်အောက်တွင် မူဝါဒသဘောတူညီချက် ၁၀ ချက် စုစုပေါင်း သဘောတူညီချက် ၃၇ ချက်ကို ချမှတ်နိုင်ခဲ့ပြီး တတိယအကြိမ်ပင်လုံကို လာမည့် ဇူလိုင်လဆန်းပိုင်းတွင် ကျင်းပမည် ဖြစ်သည်။

Link: [http://www.mizzima.com/news-domestic/third-session-21st-century-panglong-conference-will-discuss-security-sector-reform](http://www.mizzima.com/news-domestic/third-session-21st-century-panglong-conference-will-discuss-security-sector-reform)

## <u>ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ခုလုံး တပ်မတော်လက်တွင်သာရှိဟု ကရင်အဖွဲ့ပြောကြား</u>

The Irrawaddy, 6 June 2018

ရန်ကုန် - အရပ်သားအစိုးရသည် ငြိမ်းချမ်းရေးဖြစ် စဉ်များအပေါ် အာဏာမရှိပဲ တိုင်းပြည်၏လုံခြုံရေး ဆိုင်ရာကိစ္စများ၏ဆုံးဖြတ်ချက်အားလုံးသည် မြန်မာ့တပ်မတော်ပေါ်တွင်သာ လုံးလုံးလျားလျားမူ တည်နေပြီး ပဋိပက္ခများ ရပ်တန့်စေမည့် မည် သည့်အားထုတ်မှုမျိုးကိုမဆို ပျက်ပြားစေမည့်အခြေအနေဖြစ် သည်ဟု ကရင်အမျိုးသားအစည်းအရုံးနှင့်အတူ ကရင်လူထု ခေါင်းဆောင်များ



က ပြောကြားခဲ့သည်။

မေလတွင်ထုတ်ဝေသည့် စာမျက်နှာလေးမျက်နှာပါ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ခွဲခြမ်းစိတ်ဖြာမှုစာတမ်းတွင် ကေအဲန်ယူမှ တပ်မတော်သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ထိန်းချုပ်နေသောကြောင့် ၎င်းတို့၏ ပူပန်မှုများကို ဖော်ပြထားသည်၊နိုင်ငံတော်အတိုင်ပင်ခံ ပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်နှင့် သူမ၏အစိုးရသည် ငြိမ်းချမ်းရေး ရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့်အတူ လုပ်ဆောင်ရန် အာဏာမရှိကြောင်း ပြောကြားထားသည်။

ထုတ်ပြန်မှုအရ စစ်တပ်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် တင်းကျပ်စွာထိန်းချုပ်မှုသည် တိုးတက်မှုများကို ပိတ်ဆို့ထားပြီး နိုင်ငံရေးကို အကန့်အသတ်ဖြင့်သာ ခွင့်ပြုထားသည်။

ကေအဲန်ယူ၏ ပြောကြားချက်အရ တပ်မတော်၏လက်ရှိလုပ်ဆောင်မှုများသည် NCA ကို ခြိမ်းခြောက်နေပြီး နောက်ထပ်လာမည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို မတည်မငြိမ်ဖြစ်စေကာ ကရင်ပြည်နယ်တွင် တိုက်ပွဲများ တဖန်တလဲလဲ ဖြစ်ပွားစေသည်။

Link: https://www.irrawaddy.com/news/burma/peace-process-entirely-militarys-hands-karen-group-says.html

**<u>တတိယပင်လုံ အတွက် UPDJC အစည်းအဝေးများ ရက်ပိုင်းအတွင်း ကျင်းပမည်</u>**

Eleven Myanmar, 9 June 2018

တတိယအကြိမ် ၂၁ ရာစု ပင်လုံညီလာခံ ကျင်းပမည့်ရက် သတ်မှတ်နိုင်ရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအဖွဲ့သည် လုပ်ငန်းကော်မတီအစည်းအဝေးများကို ဇွန် ၂၅ ရက်မှ စတင် ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးများသည် နိုင်ငံတော်အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဥက္ကဋ္ဌ တာဝန်ယူထားသော UPDJC တွင် တတိယအကြိမ် ၂၁ ရာစု ပင်လုံညီလာခံ ကျင်းပမည့်ရက် သတ်မှတ်နိုင်ရေးအပြင် ညီလာခံ၌ ဆွေးနွေးမည့်ခေါင်းစဉ်များ အတည်ပြုနိုင်ရေး အထောက်အကူပြုစေရန်အတွက် ကျင်းပခြင်းဖြစ်ကြောင်း UPDJC အတွင်းရေးမှူးအဖွဲ့ဝင်တချို့က ဆိုသည်။



၃ ရက်တာ ကျင်းပမည့် UPDJC လုပ်ငန်းကော်မတီ အစည်းအဝေး၌ နိုင်ငံရေးကဏ္ဍတွင် ပါဝင်သော အခြေခံလူ့အခွင့်အရေး ကိစ္စရပ်များအပါအဝင် တိုင်းရင်းသား လူနည်းစုအခွင့်အရေးနှင့် ကျား/မ တန်းတူ အခွင့်အရေးတို့ အပေါ် ဆွေးနွေးကြမည်ဖြစ်ကာ အခြားသောကဏ္ဍများကိုလည်း ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးမည့် အကြောင်းအရာများသည် ၂၀၁၇ ခုနှစ်၊ မေလက ကျင်းပခဲ့သော ဒုတိယအကြိမ် ၂၁ ရာစု ပင်လုံညီလာခံမှာ ဆွေးနွေးခဲ့သော အချက် ၄၅ ချက် အနက် ကျန်ရှိသည့် အချက်များကို ဆွေးနွေးမည် ဖြစ်ကြောင်း အဖွဲ့ဝင် ခွန်မြင့်ထွန်းက ဆိုသည်။

Link: http://www.elevenmyanmar.com/politics/14095

## အခြား

## မော်လမြိုင်ခနောက်စိမ်းစက်ရုံမှ အနံ့ဆိုးထွက်ရှိမှုအပေါ် မဖြေရှင်းပေးသဖြင့် ဒေသခံများ ဆန္ဒဖော်ထုတ်မည်

Burma News International, 4 June 2018

မွန်ပြည်နယ်၊ မော်လမြိုင်စက်မှုဇုန်ရှိ ခနောက်စိမ်းစက်ရုံများမှ အနံဆိုးများထွက်ရှိနေမှုကို တားဆီးပေးရန် မွန်ပြည်နယ် ဝန်ကြီးချုပ်ထံ မတ်လနှင့် ဧပြီလတို့တွင် မော်လမြိုင်စက်မှုဇုန်မှာနေထိုင်သည့် ဒေသခံ ၂၀၀ ကျော်က တိုင်ကြားခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်ပေးခြင်း မရှိသဖြင့် ဆန္ဒထုတ်ဖော်သွားမည်ဖြစ်ကြောင်း အဆိုပါ ဒေသခံများထံမှ သိရသည်။



“ဝန်ကြီးချုပ်ကို စာတင်ထားတယ်၊ သူ့အဖြေတစ်ခုဘာမှ မပေးဘူး၊ ကျွန်တော်တို့ တော်တော်ခံစားရတယ်၊ မနေနိုင်တော့ဘူး၊ ညှော်တာ မခံနိုင်ဘူး၊ ကျွန်တော်တို့ ဆန္ဒပြမယ်ဟု မော်လမြိုင်စက်မှုဇုန်မှ အထည်ချုပ်လုပ်ငန်း လုပ်ကိုင်နေသည့် ကိုဇော်နိုင်ဦးက ပြောသည်။

မော်လမြိုင်စက်မှုဇုန်ရှိ ခနောက်စိမ်းစက်ရုံမှ အနံ့ဆိုးများ ထွက်ရှိလာမှုကြောင့် ပတ်ဝန်းကျင်တွင်နေထိုင်သည့် ကလေးသူငယ်၊ သက်ကြီးရွယ်အိုနှင့် နာမကျန်းသူများက ပိုမိုခံစားနေရကြောင်း မော်လမြိုင်စက်မှုဇုန်တွင် နေထိုင်သည့် ဒေသခံများက ဆိုသည်။

ပြည်သူလူထု ကျန်းမာရေးထိခိုက်နိုင်သည့် အနံဆိုး များထွက်သည့် ခနောက်စိမ်းစက်ရုံများကို လူနေအိမ်နှင့် နီးသောနေရာများတွင် စက်ရုံဆောက်ခွင့်၊ စက်ရုံလည်ပတ်ခွင့် မပေးသင့်ကြောင်း စက်မှုဇုန် တွင်နေထိုင်သော ဒေါ်ညိုညိုစိမ့်က ဆိုသည်။

“ည ၆ နာရီခွဲ၊ ၇ နာရီကြား သူဟာက ပုံမှန်မဟုတ်ဘူး၊ ညဆိုရင် ၁၂ နာရီ၊ မနက်ဆိုရင် ၃ နာရီ လူအခြေအနေကို ကြည့်ပြီးတော့သူက လွှတ်တာ၊ လူတွေလာကြည့်ရင်သူက တိတ်သွားမှာပေါ့၊ ဖမ်းရခက်တယ်၊ အနံကလေ ငြီးဟောင်ဟောင်နဲ့ ယမ်းစိမ်းလိုမျိုး အနံရလို့ရှိရင် မူးတူးတူးဖြစ်နေတယ်၊ ကိုယ်တစ်ယောက်ထဲ မဟုတ်ဘူး၊ လူတိုင်းဖြစ်တယ်၊ အချို့ဆို အောအန်တာဖြစ်တယ်” ဟု စက်မှုဇုန်အရှေ့တွင် ကွတ်တီယိုရောင်းနေသော မနန်းဦးက ပြောသည်။

မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မွန်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ပြည်နယ်မှူးနှင့် ဌာနဆိုင်ရာများမှ စက်မှုဇုန်သို့ လာရောက်ကြသော်လည်း ခနောက်စိမ်းစက်ရုံများမှ အနံဆိုးများ ထွက်ရှိနေမှုကို ယနေ့အချိန်အထိ ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိကြောင်း ဒေသခံများက ပြောဆိုသည်။

မော်လမြိုင်စက်မှုဇုန်၌ ခနောက်စိမ်းစက်ရုံ ခြောက်ရုံရှိပြီး ၂၀၁၇ နှစ်  ဒီဇင်ဘာလတွင် မြန်မာရှင်းရှင်းခနောက်စိမ်းစက်ရုံ၊ မြန်မာဆန်းဇော်ခနောက်စိမ်းစက်ရုံနှင့်  အရှေ့မြောက်ဆင်ဖြူတော်ခနောက်စိမ်းစက်ရုံတို့ စမ်းသပ်လည်ပတ်ခွင့်ရထားကြောင်း မွန်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ သိရသည်။

Link: https://www.bnionline.net/en/news/mawlamyine-industrial-zones-residents-protest-against-govt-failing-solve-foul-odor-emission

The content of the UNHCR Thailand Media Monitoring Reports does not reflect the official view or opinion of the UNHCR.

**Links:** Thailand-Myanmar Cross Border Web Portal: www.commonservice.info
Facebook: www.facebook.com/commonservice
www.facebook.com/commonserviceburmese
www.facebook.com/commonservicekaren

Regional funding and funding for Thailand was also received through private donations from Italy, Japan, the Republic of Korea, Spain, Sweden, Thailand, and the United States of America.

UNHCR
The UN Refugee Agency